mgyoe.com
SAMPLE BOOK



ထင်လင်း

# မဂရိတ်

# ARGUERITE De VALOIS

ALEXANDRE
DUMAS

2024 GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

SAMPLE BOOK

ALEXANDRE

# DUMAS

## ARGUERITE De VALOIS



ထင်လင်း

# မေဟာဒီ

mgyoe.com

mgyoe.com SAMPLE BOOK


- တန်ဖိုး
  ၇၀၀၀ ကျပ်
- အုပ်ရေ
  ၅၀၀ အုပ်
- အကြိမ်
  ဒုတိယအကြိမ်
- ထုတ်ဝေသည့်အချိန်
  ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ
- မျက်နှာဖုံး
  ကျော်မင်းမောင်
- ထုတ်ဝေသူ
  ဦးသိမ်းမင်း (၀၀၉၁၂)
  ပန်းရွှေပြည်စာအုပ်တိုက်
  ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
- ပုံနှိပ်သူ
  ဦးဇေယျာဦး (၀၁၅၇၉)
  Silver Sky Press
  အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်ကလေး၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
- စာအုပ်ချုပ်
  မင်းဇော်


mgyoe.com

mgyoe.com
SAMPLE BOOK

# မဟေသီ

ထင်လင်း

ပြန်ဆိုသည်။

Marguerite De Valois

*by*

***Alexandre Dumas***

**စာအုပ်အကြောင်း**

- ပထမအကြိမ် ၁၉၅၃ ခု ဇွန်လ၊ ဥသြစာပေ
- ဒုတိယအကြိမ် ၂၀၂၄ ခု ဒီဇင်ဘာလ၊ ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

## 'ထင်လင်း'၏ ထွက်ရှိပြီးစာအုပ်များ

- စည်းအပြင်ကလူ
  **The Outsider**-Albert Camus
- တစ်ကျွန်းစံ၏ အပြန်လမ်း
  **Beyond this Place**-A.J.Cronin
- ပင်လယ်ပျော်စင်ရော်
  **Jonathan Livingston Seagull**-Richard Bach
- မေတ္တာရှင်မလေး ပေါလီယာနာ
  **Pollyanna**-Eleanor H.Porter
- အဆိပ်
  **The Judas Tree**-A.J.Cronin
- ပုလဲတေးသံ
  **The Pearl**- John Steinbeck
- ပလိပ်
  **The Plague**-Albert Camus
- မြင်းနီကလေး
  **Red Pony**-John Steinbeck
- စိတ္တံ နကမ္ဘတိ
- ထင်လင်းဝတ္ထုတိုပေါင်းချုပ်-၁
  ထင်လင်းဝတ္ထုတိုပေါင်းချုပ်-၂
- ဘယ်ဆီဘယ်ဝယ်
- မဟောသီ
  **Marguerite De Valois**-Alexandre Dumas

mgyoe.com

# မိတ်ဆက်

'မဟေသီ' ဝတ္ထုကြီးကို ဘာသာပြန်သူ 'မောင်ထင်လင်း'က သူ့စာအုပ်အတွက် မိတ်ဆက်စာ ရေးပေးစေချင်သည်။ လိုမည်တော့ မထင်ပါ။

သူသည် ဘာသာပြန် အင်မတန်ကောင်းပါသည်။ 'အင်္ဂလိပ်စာတော်၍ မြန်မာစာအရေးအသားလည်း ညက်ညောလှပါသည်။'-ဟု ကျွန်ုပ်ကဆိုလျှင်၊ 'ဇရိပ်သာအဖွဲ့သားချင်းမို့ ပိုပြောသည်။'-ဟု အထင်ခံရမည်လည်း စိုးသည်။

'မောင်ထင်လင်း'သည် တာရာမဂ္ဂဇင်း၊ ပဒေသာမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ တိုင်းရင်းမေဂျာနယ်တို့တွင် မကြာခဏ ပါဝင်ရေးသားခဲ့ဖူးသဖြင့် စာဖတ်သူများ သိကြပြီးဖြစ်ပေမည်။ သို့ဖြစ်၍ ထိုအချက်များကို ကျွန်ုပ်က ထပ်မံ၍ မဖော်ပြလိုတော့။ လူသိနည်းသေးသော သူ့အကြောင်းကိုသာ အနည်းငယ် ပြောဖို့ရှိသည်။

'ထင်လင်း'သည် ရွှေဘိုသား ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဘီအေအောင်သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတွင် ၅ နှစ်ခန့် အမှုထမ်းသက်ရှိပြီဖြစ်၍ ဝါရင့်သော ဘာသာပြန်ဆရာတစ်ယောက် ဖြစ်သည်။-လုံလောက်ပြီ မဟုတ်လား။

ကဲ- စာဖတ်သူမိတ်ဆွေ။ သူရေးသောနိဒါန်းမှအစ သူပြန်ဆိုလိုက်သောဝတ္ထုကြီးကို ဖတ်ပေတော့။

ခင်မျိုးချစ်
ဇရိပ်သာ

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်ဆိုသူ၏နိဒါန်း

ပုဂံရာဇဝင်ကို တုတ်ထမ်း၍ပြောရလျှင် ပြင်သစ်ရာဇဝင်ကို ဓားထမ်း၍ ပြောရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပြင်သစ်ရာဇဝင်က ပုဂံရာဇဝင်ထက် ပိုရှုပ်သောကြောင့် ဖြစ်သည်။ ၁၆ ရာစုနှင့် ၁၈ ရာစုအတွင်းက ပြင်သစ်ရာဇဝင်မှာ ပို၍ပင်ရှုပ်သေးသည်။

၁၆ ရာစုအတွင်းက ဥရောပတိုက်တွင် သာသနာပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကြီး ပေါ်ပေါက်သည်။ 'သာသနာပြုပြင်ပြောင်းလဲရေး' ဆိုသည်မှာ ထိုအချိန်ထိုအခါက အလွန်တန်ခိုးကြီးမားလျက်ရှိသော ရောမသာသနာပိုင်ရဟန်းမင်း၏ ဩဇာအာဏာများကို တော်လှန်ကာ အယူသစ်များ တီထွင်ခြင်းပင် ဖြစ်သည်။ ဤလှုပ်ရှားမှုကြီးသည် ဥရောပတိုက်ရှိ နိုင်ငံအားလုံးသို့ ပျံ့နှံ့သည်။ အယူများကို တစ်နိုင်ငံတွင်တစ်မျိုး မိမိတို့ကြိုက်သလို ယူကြ၏။ တစ်ကျောင်း တစ်ဂါထာ– တစ်ရွာ တစ်ပုဒ်ဆန်းကြ၏။

ပြင်သစ်ပြည်တွင် ဤအယူသစ်လှုပ်ရှားမှုကြီးကြောင့် ဘရင်ဂျီနှင့် ဟူဂျီနို–၂ ခြမ်း ကွဲခဲ့သည်။

'ဘရင်ဂျီ'ဆိုသည်မှာ ရိုမန်ကက်သလစ် (ရောမသာသနာ)ကို ကျွန်ုပ်တို့မြန်မာအခေါ် ဖြစ်သည်။

'ဟူဂျီနို'မှာ အယူသစ်သာသနာကိုခေါ်သော ပြင်သစ်အမည် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK 

ပြင်သစ်ပြည်တွင် ဘုရင်ဂျီနှင့် ဟူဂျီနိုတို့သည် 'တောက်တဲ့နှင့် ဆေးချေး' ဖြစ်ကြသည်။ အချို့မှာ အလွန်အယူသည်းကြသည်။ တစ်ဖက်နှင့်တစ်ဖက် အလွန်မုန်းတီးခဲ့ကြ၏။ 'ဘာသာရေးကြောင့်'-ဟုသာဆိုသော်လည်း နောက်ဆုံးတွင် 'ဘာသာရေး'မှာ အမည်မျှသာ ကျန်တော့၏။ ကျွန်ုပ်တို့မြန်မာပြည်တွင် ဝံသာနုနှင့် ဒိုင်အာကီတို့ မုန်းခဲ့ကြသကဲ့သို့ပင်တည်း။

တိုင်းပြည်တွင် ပြည်သူပြည်သားများ ၂ ခြမ်းကွဲကြသောအခါ ဘုရင်လုပ်သူမှာ အုပ်ချုပ်ရန် အလွန်ခက်သည်။ ဘာသာရေးဖြစ်၍ ဘုရင်လည်း နေရာတိုင်းတွင် မတတ်နိုင်။ သို့ရာတွင် ဘာသာရေးသည် ဘာသာရေးဖြစ်၍၊ အုပ်ချုပ်ရေးသည် အုပ်ချုပ်ရေးဖြစ်သည်။ ဖြစ်အောင် အုပ်ချုပ်ရန်မှာ ဘုရင့်အလုပ် ဖြစ်သည်။

ယခု 'မဟောသီ' ဟု ကျွန်ုပ်အမည်ပေးလိုက်သော ရာဇဝင်ဝတ္ထုကြီး၏နောက်ခံကားက ဆေးရောင်များသည် ဤသာသနာပြုပြင်ရေး လှုပ်ရှားမှုကြီးကရသော 'ဆေးရောင်များ' ဖြစ်သည်။ သာသနာပြုပြင်ရေး ဆေးရောင်များကို ခေတ္တဖယ်ထားပြီး နောက်ခံကားပုံသဏ္ဌာန်ဖြစ်သော ၄င်းခေတ်လူများ၏ အနေအထိုင်, အသုံးအနှုန်းကို ကြည့်ပါဦး။

ပြင်သစ်ပြည်သည် ယခုတိုင် အမွှေးအကြိုင်, အလှအပ, အပျော်အပါး ပေါများသောတိုင်းပြည် ဖြစ်သည်။ ကော့စမတစ်, ပေါင်ဒါ, ရေမွှေး, နှုတ်ခမ်းဆိုးဆေးတို့မှအစ အလှကုန်ပစ္စည်းများ ပေါက်ဖွားရာဒေသသည် ပြင်သစ်ပြည်ဖြစ်သည်။-ဟု ဆိုလော်က်၏။ အထူးသဖြင့်-ထိုပစ္စည်းများသည် ပြင်သစ်ဘုရင်များ တန်ခိုးကြီးစဉ်က ပြင်သစ်နန်းတွင်းမှ ပေါက်ဖွားလာသည်ဟု ဆိုထိုက်၏။ ထိုခေတ်က နန်းတော်သူနန်းတော်သားများသည် အလှအပ, အမွှေးနံ့သာကို အလွန်အကျူးနှစ်သက်ကြသည်။ အလှအပ, အမွှေးနံ့သာကိုသာမက၊ အပျော်အပါးလည်း နှစ်သက်ကြ၏။ အပျော်အပါးဆိုမှတော့ အကုန်ဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK

'အပျော်အပါး' ဆိုသည်မှာ ကောင်းသော ကိုယ်ကျင့်တရားနှင့် တခြားစီဖြစ်သည်။ သို့သော်- အမျှား မိုးခါးရေသောက်သောခေတ်၌ မိုးခါးရေသည်သာလျှင် ကိုယ်ကျင့်တရား ဖြစ်သည်။ မိုးခါးရေကို သောက်မိသူသည် သူ့အသက်ကို သတ်ချင်သတ်မည်၊ သူ့ပစ္စည်းကို ခိုးချင်လည်း ခိုးမည်၊ သူ့သားအိမ်ရာကို ပြစ်မှားချင်လည်း ပြစ်မှားမည်။ 'မုသား' ဆိုသည်ကိုတော့ စာရင်းမသွင်းနှင့်တော့။

နောက်ခံကားကိုရိပ်စားမိလျှင် ဇာတ်ကောင်များကို ကြည့်ဖို့လိုလာပြီ။ ဤဝတ္ထုကြီး၌ ပါဝင်သူများအကြောင်းကို ရှင်းလင်းစွာသိလိုလျှင် ထိုခေတ်က ပြင်သစ်မင်းဆက်အကြောင်း အရိပ်အမြွက်သိဖို့ လိုလိမ့်မည်။ ဤဝတ္ထုမစမီဖြစ်သော ဒုတိယ-ဟင်နရီဘုရင်၏လက်ထက်လောက်က စ၍ပြောမှလည်း ရှင်းပေလိမ့်မည်။

ပြင်သစ်ပြည် ဗေလဝါမင်းဆက်မှ ဒုတိယ-ဟင်နရီသည် ၁၅၄၇ ခုတွင် နန်းတက်သည်။ သူ၏မိဖုရားကြီးကား အီတလီပြည် ဖလောရင်းကိုစိုးမိုးခဲ့သော မေဒီချီဆွေဆက်မှ ကက်သရိန်းဖြစ်သည်။

၁၅၅၉ ခုတွင် ဒုတိယ-ဟင်နရီ နတ်ရွာစံသောအခါ ၁၆ နှစ်သားအရွယ်ရှိ ဒုတိယ-ဖရန်စစ်(ဖရန့်ဇွာ)ဘုရင်က ဆက်ခံသည်။ ဖရန်စစ်မှာ လူပျော့စိတ်ပျော့ဘုရင်ကလေးဖြစ်၍ အုပ်ချုပ်မှု ညံ့ဖျင်းလှသည်။ သူသည် 'စကော့ဘုရင်မ မေရီ' နှင့် လက်ဆက်သည်။ မေရီသည် အသိအလိမ္မာနှင့်ပြည့်စုံသော မိဖုရားတစ်ပါး ဖြစ်သော်လည်း၊ အသက်ငယ်လှသောကြောင့် တိုင်းပြည်အုပ်ချုပ်မှုကို ကြိုးမကိုင်နိုင်။ ထိုကြောင့်- ဘုရင်၏ တန်ခိုးအာဏာများသည် ခမရီ၏ဆွေတော်မျိုးတော်များဖြစ်သော ဂီဇ်မြို့စား မင်းသားကြီးနှင့် လောရိန်းဂိုဏ်းချုပ်ကြီးတို့၏ လက်တွင်းသို့ ကျရောက်ခဲ့လေသည်။

mgyoe.com

ဤသို့ ဂီဇီနှင့် လော်ရိန်းတို့က တန်ခိုးအာဏာရှိလျက် ဗေလဝါဆက်ကို လွှမ်းမိုးအုပ်သို့ရှိသည်ကို ဖရန့်စစ်ဘုရင်၏ဦးရီးတော်-ဗူဗွန်းဆက်-နာဗာဘုရင်အန်ထွိုင် (အန်တိုနီ)နှင့် ကွန်ဒီမင်းသားကြီးလူဝီတို့က ပြင်သစ်ထီးနန်းနှင့် ပိုမိုနီးစပ်သူများအဖြစ် မခံမရပ်နိုင် ဖြစ်ကြလေသည်။ ဗေလဝါဆက်၊ လော်ရိန်းဆက်နှင့် ဂီဇီဆက်တို့မှာ ရိုမန်ကက်သလစ်များဖြစ်ကြသည်။ ထို့ကြောင့်- သူတို့အား အတိုက်အခံပြုရာတွင် နာဗာနှင့် ကွန်ဒီတို့က 'အယူသစ်' ဟူဂျီနိုဂိုဏ်းကြီးကို ခေါင်းဆောင်ခဲ့ကြလေသည်။ (ကွန်ဒီကမူ အယူသစ်တွင် ယုံကြည်မှုရှိ၍ ပြောင်းခဲ့ခြင်းဖြစ်သော်လည်း နာဗာဘုရင်ကမူ များစွာယုံကြည်၍ မဟုတ်ချေ။) ထိုအခါတွင် ဘာသာရေးနှင့် နိုင်ငံရေးတို့သည် ရောထွေး၍ လာခဲ့လေတော့သည်။

ထိုသို့ရှိစဉ်တွင် ဒုတိယ-ဖရန့်စစ်ဘုရင်ကလေး နတ်ရွာစံသဖြင့် သူ၏ညီတော် **နဝမ-ချာလီဘုရင်** နန်းတက်ရလေသည်။ နဝမ-ချာလီမှာ ထိုအချိန်က ၁၀ နှစ်သားခန့်ရှိ လူပျော့ကလေးဖြစ်၍ သူ လူလားမြောက်ချိန်အထိ **မယ်တော်ကက်သရိန်း**က နန်းစောင့်ဘုရင်မကြီးအဖြစ် တိုင်းပြည်အုပ်ချုပ်ခဲ့လေသည်။ ထိုအခါတွင် ဂီဇီနှင့် လော်ရိန်းတို့လည်း တန်ခိုးမှိန်၍သွားခဲ့၏။ သို့သော်- တစ်ဖက်က အယူသစ်ဟူဂျီနိုများက ဆန့်ကျင်ဘက်ပြုလျက်ရှိသဖြင့်၊ ကက်သရိန်းသည် ဂီဇီနှင့် လော်ရိန်းတို့အား လက်မလွှတ်ဝံ့ချေ။ ထိုမှတစ်ပါးလည်း- တိုင်းပြည်အုပ်ချုပ်ရေးတွင် လိုအပ်သည့်အားလျော်စွာ အယူသစ်များနှင့်လည်း သင့်တင့်အောင် ပရိယာယ်ပြု၍ ပေါင်းသင်းခဲ့ရပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဘာသာရေးမှာ နိုင်ငံရေးနှင့် ရောထွေးလျက်ရှိသောကြောင့် အလွယ်တကူ ငြိမ်းချမ်းမှုမရနိုင်ဘဲ ရှိ၏။

မယ်တော်ဘုရင်မကြီးကက်သရိန်းမှာလည်း တန်ခိုးအာဏာကိုသာ လိုချင်လွန်းအားကြီးသဖြင့် အတိုက်အခံများကို အပြီးသတ်သုတ်သင်

mgyoe.com

mgyoe.com SAMPLE BOOK

ပစ်ရန် ညဏ်နီညဏ်နက်ထွင်၍ အမျိုးမျိုးအကြံပြုလျက်ရှိလေရကား- ငြိမ်းချမ်းရေးမရနိုင်သည်မှာ အဆန်းမဟုတ်တော့ချေ။

နာဗာဘုရင်ကြီးအန်ထွိုင် နတ်ရွာစံ၍ သားတော် ဗီယန်း- မင်းသားဟင်နရီ နန်းတက်သောအခါ ဟင်နရီမှာ ငယ်လှသေးသဖြင့် မောင့်မိုရင်စီအနွယ်ဖြစ်သော ရေကြောင်းဗိုလ်ချုပ်ကြီးကိုလီညီက အစစ အရာရာတွင် စောင့်ရှောက်ထိန်းသိမ်းပေးခဲ့ရလေသည်။ ကိုလီညီ၏ အရည် အချင်းပြည့်စုံမှုကြောင့် အယူသစ်ဂိုဏ်းကြီးလည်း ပိုမို အင်အားတောင့် တင်း၍ လာလေသည်။

နဝမ-ချာလီဘုရင် အရွယ်ရောက်သောအခါ မယ်တော်ကက်သ ရိန်းသည် တန်ခိုးအာဏာများကို လွှဲပြောင်းပေးလိုက်ရသော်လည်း၊ ရှေးက အရှိန်အဝါနှင့်ပင် ဘုရင်၏အရေးများ၌ ဝင်ရောက်စွက်ဖက်လေ့ရှိသည်။ သို့ရာတွင်- ချာလီဘုရင်မှာ ညီညွတ်ရေးကိုရှေးရှုသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ဟူဂျီနို၏ခေါင်းဆောင် ရေကြောင်းဗိုလ်ချုပ်ကြီးကိုလီညီအားလည်း ခေါ် ယူမြှောက်စားထားခဲ့သည်။ ထိုမျှသာမကသေး နာဗာဘုရင်ဟင်နရီအား သူ၏နှမတော် ဗေလဝါမင်းသမီး မာဂရက်နှင့်စုံဖက်၍ သိမ်းသွင်းခဲ့လေ သည်။

ဤဝတ္ထု၏အစကို နာဗာဘုရင်ဟင်နရီနှင့် မာဂရက်တို့၏ လက် ထပ်ပွဲဖြင့် စတင်ဖွင့်လှစ်ထားရာ၊ နောက်ပိုင်းတွင် မည်သို့မည်ပုံ သူ့ထက် ငါ လက်တစ်လုံးခြား ညဏ်ကစားကြသည်ကို အတွင်းစာသားများတွင် သာ ဆက်လက်ဖတ်ရှုတော်မူကြပါကုန်လော့။

**ထင်လင်း**

**ရေိပ်သာ**

mgyoe.com

mgyoe.com SAMPLE BOOK



# မဟေသီ

ထင်လင်း

ပြန်ဆိုသည်။

**Marguerite De Valois**

*by*

***Alexandre Dumas***

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

၁၅၇၂ ခုနှစ် ဩဂုတ်လ ၁၈ ရက် တနင်္လာနေ့ညဥ့်တွင် ပြင်သစ်ပြည် ပါရစ်မြို့ရှိ လူဗရေနန်းတော်ကြီး၌ ကြီးကျယ်ခမ်းနားသော မင်းပွဲသဘင် ဆင်ယင်လျက်ရှိလေသည်။ အကြောင်းထူးမရှိသောညဥ့်များတွင် မှောင်မည်း၍နေလေ့ရှိသော နန်းတော်ပြတင်းပေါက်များမှာ ယခုအခါ မီးရောင်တို့ဖြင့် ထိန်ထိန်ဝင်းလျက်ရှိ၏။

စိန့်ဂျာမိန်းနာရီစင်မှ ၉ ချက်တီးပြီးသည့်နောက်တွင် လူသွားလူလာပြတ်လျက် တိတ်ဆိတ်နေလေ့ရှိသော နန်းတော်ကြီးတစ်ဝိုက်ရှိ လမ်းများမှာလည်း သန်းခေါင်ကျော်အချိန့်ထိ လူထုမကွဲသေးဘဲ အုတ်အုတ်သဲသဲစည်ကားနေတော့သည်။

ဤမျှ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသော်လည်း ဤမင်းပွဲသဘင်ကြီးနှင့်ပတ်သက်၍ နောက် တနင်္ဂနွေတစ်ပတ်ခန့်အကြာတွင် ပြင်သစ်ပြည်သူပြည်သားအများတို့ စိတ်ရောကိုယ်ပါ ပါဝင်ဆင်နွှဲကြရမည့် အခြားပွဲတစ်မျိုးကို မုချတွေ့ရဦးမည်။-ဟူသော တီးတိုးသံများကား ပြင်သစ်လူထုကြီးတွင် ဂယက်ရိုက်လျက်ရှိလေသည်။

နန်းတော်ကြီးတွင် ဆင်ယင်လျက်ရှိသော ပွဲသဘင်ကြီးကား နတ်ရွာစံဒုတိယမြောက်ဟင်နရီဘုရင်၏သမီးတော် ယခုလက်ရှိ နဝမမြောက် ချာလီဘုရင်၏နှမတော် ဗေလဝါမင်းသမီး မာဂရက်ကို ဗူဗွန်းဆွေတော်ဆက်ဖြစ်သော နာဗာဘုရင်ဟင်နရီနှင့် လက်ဆက်ထိမ်းမြားသည်ကိုအကြောင်းပြုသည့် မင်္ဂလာပွဲတော်ကြီး ဖြစ်ပေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဤမင်္ဂလာပွဲတော်ကြီး ဆင်ယင်လိုက်ရာတွင် ပြည်သူပြည်သားတို့မှာ နားမလည်နိုင်အောင်ပင် အကြီးအကျယ် အံ့အားသင့်ကြရလေသည်။

အကြောင်းသော်ကား– နာဗာဘုရင်သည် ဘာသာရေးဆိုင်ရာတွင် 'ဟူဂျီနို' ခေါ် အယူသစ်ဂိုဏ်းဝင်မင်းဆက်မှ ဆင်းသက်သူဖြစ်၍၊ မာဂရက်မှာ ဟူဂျီနိုဂိုဏ်းဝင်တို့၏ အကြီးဆုံးရန်သူဖြစ်သော ဘုရင်ဂျီဂိုဏ်းဝင်မင်းတို့၏ ရင်သွေးဖြစ်သောကြောင့်တည်း။ ဘရင်ဂျီနှင့် ဟူဂျီနိုတို့တွင် အချင်းချင်းမုန်းထားမှုများမှ ပေါ်ပေါက်ခဲ့သော ရန်ငြိုးရန်စများသည် ပြေပျောက်နိုင်စရာမရှိအောင်ပင် များပြားလေသည်။ သို့ရာတွင် ယခုကဲ့သို့ အတိုက်အခံဂိုဏ်းကြီး ၂ ဂိုဏ်း၏ ထိပ်ဦးနေသောဘုရင်တို့က အချင်းချင်းသင့်မြတ်ကြသောအခါ 'ကွန်ဒီမင်းသားသည် သူ၏ခမည်းတော် နတ်ရွာစံရသည့်ကိစ္စနှင့်ပတ်သက်၍ အန်ဇူမင်းသားအပေါ်တွင် ကျေချမ်းနိုင်ပါမည်လော။ ဂီဇီမင်းသားသည် သူ၏ခမည်းတော်အား လုပ်ကြံခဲ့သည်ဆိုသော ရေကြောင်းဗိုလ်ချုပ်ကြီးကိုလီညီအပေါ်တွင် အပြစ်လွှတ်နိုင်ပါမည်လော။'–ဟူသောမေးခွန်းများသည် လူတိုင်း၏စိတ်ထဲ၌ ဖြစ်ပေါ်လျက်ရှိလေသည်။

ထိုမေးခွန်းများသာမက နာဗာဘုရင် ဟင်နရီ၏မယ်တော် နာဗာမိဖုရားကြီး လွန်ခဲ့သည့် ၂ လခန့်က နတ်ရွာစံရသောကိစ္စနှင့်ပတ်သက်၍၊ 'မာဂရက်မင်းသမီး၏မယ်တော် မေဒီချီဆွေတော်ဆက် ကက်သရိန်းဘုရင်မကြီးက လျှို့ဝှက်သောကိစ္စကြီးတစ်ခု ပေါ်ပေါက်သွားမည်စိုးသောကြောင့် လက်အိတ်တွင် အဆိပ်ရေမွှေးထည့်၍လုပ်ကြံသည်။'–ဟူသော အချက်ကလည်း ရှိလေသည်။

နဝမမြောက်ချာလီဘုရင်သည် ထိုထိုသောရန်ငြိုးရန်စများ ပြေပျောက်၍ ငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်လျက် ဤလက်ထပ်ပွဲကြီးကို


mgyoe.com

mgyoe.com
SAMPLE BOOK

နာဗာမိဖုရားကြီး အဆိပ်သင့်၍မကွယ်လွန်မီကပင်လျှင် ဖြစ်မြောက်ရန် ကြိုးပမ်းခဲ့လေသည်။ ထိုစဉ်အခါက ရဟန်းမင်း 'ဂရေရိုရီ' က ချာလီဘုရင်၏ဆန္ဒကို ရုတ်တရက်မလိုက်လျောသေးဘဲ အချိန်ဆွဲနေခဲ့သည်။ နာဗာမိဖုရားကြီးမှာလည်း ဤကိစ္စနှင့်ပတ်သက်၍ များစွာ လိုလားလျက်ရှိသောကြောင့် ရဟန်းမင်း၏ အချိန်ဆွဲထားချက်ကို စိတ်မသက်မသာ ဖြစ်နေရာ၊ ချာလီဘုရင်က

'မစိုးရိမ်ပါနဲ့ အရှီးတော်။ အရှီးတော်ကို ရဟန်းမင်းထက် လေးစားပါတယ်။ တူတော်မောင်ဟာ 'ဟူဂျီနို' ဂိုဏ်းဝင် မဟုတ်သော်လည်း အရူးတစ်ယောက်တော့ မဟုတ်ပါဘူး။ ရဟန်းမင်းက ခဲရာခဲဆစ် ဖြစ်နေရင် တူတော်မောင်ကိုယ်တိုင် ဒီကိစ္စကို မဖြစ်ဖြစ်အောင်ဆောင်ရွက်ပါမယ်။'-ဟူသောကတိကို ပေးခဲ့ဖူးလေသည်။

ဤသတင်းသည် လူဗရေနန်းတော်နှင့် ပါရစ်မြို့တွင်းသို့ ပျံ့နှံ့သွားသောအခါ၊ 'ဟူဂျီနို' တို့အဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြရသော်လည်း၊ ဘုရင်ဂျီတို့အဖို့မှာကား 'ဘုရင်သည် ဘုရင်ဂျီများကို လှည့်စားလေတော့မည်လော။-သို့မဟုတ် တစ်နေ့နေ့တွင် မမျှော်လင့်သောပြီးဆုံးခြင်းဖြင့် ပြီးဆုံးရမည့်ကိစ္စကြီးကို ဆောင်ရွက်လိုက်ခြင်းလော။'-ဟု 'သို့လောသို့လော' တွေးတောစရာသာ ဖြစ်ခဲ့လေသည်။

ထိုကဲ့သို့၊ ဘုရင့်အပေါ်တွင် သက်ာမကင်းဖွယ်ဖြစ်ကြရသည့်ကိစ္စများသည် အထူးသဖြင့် ဘုရင်အား လွန်ခဲ့သည့် ၄-၅-၆ နှစ်ခန့်မှစ၍ အတိုက်အခံပြုလာခဲ့သော ရေကြောင်းဗိုလ်ချုပ်ကြီး 'ကိုလီညီ' ကို ဘုရင်ကိုယ်တိုင် မြှောက်စားအရေးပေးကာ၊ စစ်ရေးမက်ရေးနှင့်ပတ်သက်လာလျှင် 'ဘဘကြီးကိုလီညီ တစ်ဦးကိုသာလျှင် ယုံကြည်စိတ်ချစွာ ယုံအပ်ပါမည်။'-ဟု အတိအလင်းကတိပေးခဲ့ရုံမက၊ ကိုလီညီကို 'ဘဘကြီး' ဟု ရင်းနှီးစွာ ခေါ်ဝေါ်ဆက်ဆံလိုက်ခြင်းနှင့် ကိုလီညီ၏သမက် 'တယ်လီ


mgyoe.com

mgyoe.com SAMPLE BOOK

ညီ'အား ညီအစ်ကိုအရင်းပမာ ပေါင်းသင်းလိုက်ခြင်းတို့ကြောင့် ဖြစ်ပေါ် လာရလေသည်။

ကိုလီညီအား 'အရေးကုန်'မပေးမီက တိုင်းရေးပြည်မှုအလုံးစုံကို ကြိုးကိုင်ခဲ့ရသော မယ်တော်'ကက်သရိန်း'ပင်လျှင် စိတ်မကြည်မသာ ဖြစ်စရာအကြောင်း ပေါ်ပေါက်ခဲ့၏။

ရှင်ဘုရင်သည် 'ဖလန်းဒါးစစ်ပွဲ'နှင့် ပတ်သက်၍ ကိုလိုညီအား "ဘဘကြီးရဲ့။ ကျုပ်တို့ တစ်ခုသတိထားရမှာက မယ်တော်ကိုပဲ။ မယ်တော်ဟာ ဘယ်နေရာမဆို သူပါချင်တယ်။ ဘဘကြီးသိတဲ့အတိုင်းပဲ၊ ဒီကိစ္စကို မယ်တော် မသိစေမှဖြစ်မယ်။ သူသိရင်တော့ အားလုံးပျက်စီးဖို့ ချည်းပဲ။"-ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။

ဤသို့ ထုတ်ဖော်ပြောဆိုချက်များကို ကိုလီညီကမူ လျှို့ဝှက်၍ မထားချေ။ ကိုလီညီသည် ပါရစ်မြို့သို့လာခဲ့စဉ်က 'မိမိတို့ခြေလှမ်း များလျှင် မိမိနှင့်တကွ နောက်လိုက်အားလုံး ပျက်စီးကြရမည်။'-ဟု သံသယဖြစ်မိသော်လည်း၊ ဘုရင်ကိုယ်တိုင်က ယခုကဲ့သို့ ချစ်ခင်ရင်းနှီး စွာ 'အရေးကုန်'ပေးလိုက်ရာတွင် ထိုသံသယများ ပျောက်ကွယ်လျက် နေလေတော့၏။

ထိုအချိန်အခါတွင် ရှင်ဘုရင့်အပေါ်၌ မယုံတစ်ဝက် ယုံတစ် ဝက်ဖြစ်နေသော ဟူဂျီနိုတို့သည် တဖြည်းဖြည်း ယုံကြည်မှုရှိလာကြ သည်။ 'နာဗာမိဖုရားကြီး နတ်ရွာစံရသည်မှာလည်း အဆုတ်ရောင်ရောဂါ ကြောင့် ဖြစ်သည်။'-ဟု နားလည်မှုရှိလာကြသည်။

လူဗရေနန်းတော်ကြီးတွင်လည်း ကိုလီညီ, လာရောရှိဖူကို, ကွန်ဒီမင်းသား, တယ်လီညီ စသော ဟူဂျီနိုခေါင်းဆောင်ကြီးများတန်ခိုး ကြီးကာ တွင်ကျယ်စ ပြုလာကြတော့၏။ ယခင်အချိန်အခါများကမူကား နဝမမြောက်ချာလီဘုရင်နှင့် မယ်တော်ကက်သရိန်းတို့သည် ဤခေါင်း


mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်ကြီးများကို အမြင့်ဆုံးကားစင်၌တင်၍ သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့ကြပေသည်။

ယင်းသို့ ဟူဂျီနိုများကို ဘုရင်ကိုယ်တိုင်မြှောက်စား အရေးပေးနေသည်ကို မခံယူဘဲခေါင်းတိမ်းနေသူ ခေါင်းဆောင်တစ်ဦးမှာကား 'စစ်ဘုရင်မောင့်မိုရင်စီ' ဖြစ်လေသည်။ မောင့်မိုရင်စီသည် ရှင်ဘုရင်၏ကတိများ, အရေးပေးချက်များကို မလိုလားဘဲ၊ 'မိမိ၏ဖခင် ရာဇဝတ်မင်းကြီး 'မောင့်မိုရင်စီ' အလုပ်ကြံခံရသည်နှင့်ပတ်သက်၍ စိတ်နှလုံးမချမ်းမမြေ့ရှိနေပါသေးသည်။'-ဟု အကြောင်းပြကာ မဒမ်ကျွန်းပေါ်ရှိ သူ၏ရဲတိုက်တွင် ခပ်ကုတ်ကုတ်နေခဲ့လေသည်။ ရာဇဝတ်မင်းကြီး မောင့်မိုရင်စီ အသတ်ခံရသည်မှာ ၃ နှစ်ကျော်ကျော် ကြာခဲ့ပြီဖြစ်၍၊ သူ၏ အကြောင်းပြချက်မှာ မခိုင်လုံလှသော်လည်း စင်စစ်အားဖြင့် ခိုင်လုံသည်-မခိုင်လုံသည်ကို ဂရုထား၍ပေးလိုက်သော အကြောင်းပြချက်လည်း မဟုတ်ချေ။

သို့ရာတွင်- ယခုကျင်းပလျက်ရှိသော မင်္ဂလာပွဲတော်ကြီး၌ မယ်တော်ကက်သရိန်း, ချာလီဘုရင်နှင့်တကွ အန်ဇူမင်းသား, အလင်ဇုံမင်းသား, ဂီဇီမင်းသားတို့သည် ရန်သူ-မိတ်ဆွေ မထားကြဘဲ ဘုရင်ဂျီ-ဟူဂျီနိုမရွေး ချိုလှသောမျက်နှာပေးဖြင့် အရေးတယူ ဖော်ရွေစွာဧည့်ခံနေကြသောကြောင့် စစ်ဘုရင်မောင့်မိုရင်စီ မလာမရောက်ဘဲနေခြင်းမှာ အပြစ်တင်စရာပင် ဖြစ်နေချေတော့သည်။

မင်္ဂလာပွဲတော်ကြီး၌ မင်းညီမင်းသားများ၏အလယ်တွင် မျက်ခုံးကောင်းကောင်း နှာတံကောက်ကောက်နှင့် မုတ်ဆိတ်ကျင်စွယ်ထားစ အသက် ၁၉ နှစ်ခန့်ရှိ လူငယ်တစ်ယောက်ကို တွေ့ရပေမည်။ သူ၏ ဆံပင်မှာ မည်းနက်လျက် ခပ်ပါးပါးညှပ်ထား၏။ သူသည် ဦးခေါင်းကို


mgyoe.com

mgyoe.com SAMPLE BOOK

မသိမ်သာစောင်းငဲ့၍ အနီးအနားတွင် စကားပြောကြသံများကို အာရုံစူးစိုက်နားထောင်ရင်း စိတ်အားထက်သန်သောမျက်လုံးများဖြင့် ကြည့်ကာ မျက်နှာပေါ်တွင် ပြုံးယောင်ယောင်သန်းနေသည်ကို တွေ့ရသည်။ သူကား နာဗာမိဖုရားကြီး နတ်ရွာမစံမီအခါက 'ဗီယန်းမင်းသား'ဟူသော အမည်ဖြင့်၊ 'စစ်ပွဲတွင် ရဲစွမ်းသတ္တိရှိသည်'-ဟု ကျော်ကြားသော သူရဲကောင်းတစ်ယောက်ဖြစ်၍ ရေကြောင်းဗိုလ်ချုပ်ကိုလီညီ၏ တပည့်ချစ်ဖြစ်သော သတို့သား 'နာဗာဘုရင်ဟင်နရီ' (နောင်အခါ ပြင်သစ်ပြည်၏ စတုတ္ထမြောက်ဟင်နရီဘုရင် ဖြစ်လာမည့်သူ)ပင်တည်း။

မင်္ဂလာပွဲသို့လာရောက်ကြသော မင်းညီမင်းသား, မြို့စားနယ်စားများက လာရောက်နှုတ်ဆက်ကြခြင်း, ချီးကျူးကြခြင်းတို့ကို လက်ခံစကားပြောနေရာမှ ဗီယန်မင်းသား၏မျက်နှာမှာ တစ်ချက်တစ်ချက်တွင် တိမ်ဖုံးလိုက်သကဲ့သို့ မှိုင်းညို့သွားတတ်လေသည်။ အကြောင်းသော်ကား - လွန်ခဲ့သော ၂ လခန့်က သူ၏မယ်တော် နတ်ရွာစံရသည်မှာ အဆိပ်ခပ်မိ၍လုပ်ကြံခံရခြင်း အမှန်ဖြစ်ကြောင်းကို သိရှိမက ယခု သူ့အား လာရောက်၍နှုတ်ဆက်ခြင်း, ချီးကျူးခြင်းပြုကြသူများသည် ထိုသို့လုပ်ကြံရာတွင် ပါဝင်ကြသောသူများပင် ဖြစ်သောကြောင့်တည်း။

'နာဗာဘုရင်'နှင့်မလှမ်းမကမ်းတွင် တွေဝေမှုန်မှိုင်းသောမျက်နှာထားဖြင့် တယ်လီညီနှင့် စကားပြောလျက်ရှိသူကား 'ဂီဇီမင်းသား' ဖြစ်လေသည်။ ဂီဇီမင်းသားသည် ဗီယံမင်းသားထက်ပင် ထင်ပေါ်ကျော်စောခဲ့သူ ဖြစ်၏။ သူ၏ခမည်းတော် ဂီဇီမင်းသားကြီး 'ဖရန့်ဗွာ'၏ခြေရာကို နင်းနိုင်သူဖြစ်၍ နာဗာဘုရင်ကို ဟူဂျီနိုအပေါင်းတို့က အားကိုးအားထားပြုရသကဲ့သို့၊ ဂီဇီမင်းသားကလေးအားလည်း ဘုရင်ဂျီအပေါင်းတို့က ခေါင်းဆောင်ချုပ်အဖြစ် မှီခိုကြရလေသည်။

mgyoe.com

'ဂီဇီမင်းသား'ဘွဲ့ကို မခံယူမီ 'ယွန်ဗီးမင်းသား'ဘဝက သူ၏ ခမည်းတော်လက်အောက်တွင် အမှုထမ်းကာ ရဲစွမ်းသတ္တိကို ပြခဲ့သူဖြစ်သည်။ အော်လီယန်းမြို့ကိုလုပ်ကြံရာတွင် ဂီဇီမင်းသားကြီးသည် တစ်စုံတစ်ယောက်သောသူ၏လက်ချက်ဖြင့် ကျဆုံးရလေရာ၊ သေခါနီးအချိန်တွင် 'သူ့အား ရေကြောင်းဗိုလ်ချုပ် ကိုလီညီ သတ်သည်။'-ဟု ပြောခဲ့၏။

ထိုအခါ ဂီဇီမင်းသားကလေးသည် 'သူ့ခမည်းတော်အားသတ်သည်ဆိုသူ ရေကြောင်းဗိုလ်ချုပ်ကိုလီညီအား သားမယားဆွေမျိုးနှင့်တကွ လက်စားချေဖြစ်အောင် ချေပါမည်။'-ဟု လေးနက်စွာ သစ္စာဓိဋ္ဌာန်ပြုလေသည်။ သို့ပြုခဲ့သောသစ္စာကို စိတ်တွင်း၌သတိရလျက် ယခုအခါတွင် အကြီးဆုံးရန်သူကြီး၏သမက်တော်သူ 'တယ်လီညီ'နှင့်ပင် စကားပြောနေရပြန်သောကြောင့် သူ၏မျက်နှာမှာ သုန်မှုန်တွေဝေခြင်း မကင်းနိုင်ပေ။

သို့ရာတွင်- အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ 'နောက်ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဘာဖြစ်ရဦးမည်'ကို ကြိုတင်မျှော်မှန်းမိသောအသိဖြင့် စိတ်စောမှုကား စိတ်တွင်း၌ ကိန်းအောင်းလျက်ပင် ရှိလေသည်။

လူဗရေနန်းတော်ကြီး၏အတွင်းသို့ ဝင်ခွင့်မရကြသော ပါရစ်မြို့သူမြို့သားတို့အဖို့ကား ဘုရင်နှင့်တကွ မင်းညီမင်းသားများသည် ဟူဂျီနိုခေါင်းဆောင်များနှင့်အလွမ်းသင့်ကာ ဟူဂျီနိုများမှာလည်း မော်တပြုံးပြုံးနှင့် ပျော်မဆုံးဖြစ်နေသည့်အမူအရာများကိုသာ မြင်ကြရသောကြောင့် မုန်းထားသောအကြည့်များ, တီးတိုးသံများ ပြည့်လျှံလျက်ရှိနေတော့သည်။ ညဉ့်၏အမှောင်ထုဝယ် ဘုရင်ဂျီတို့၏မျက်စောင်းရောင်ခြည်တို့သည် အနာဂတ်မုန်းတီးရေးကို ပေါ်လွင်အရောင်ထွက်စေသော လျှပ်ရောင်များသဖွယ် လင်းလျက်ရှိလေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုကဲ့သို့ရှိစဉ်၊ နန်းတော်ကြီးအတွင်းရှိ မင်းပရိသတ်မှာကား ရှင်ဘုရင်ကိုယ်တိုင်ရှေ့ဆောင်၍ လှပတင့်တယ် ချစ်စဖွယ်ရုပ်ဆင်းရှိသော 'နီးဗားမင်းသမီး' နှင့်အတူ နုပျိုစိုပြည်၍ အလှကျက်သရေအပေါင်းနှင့် ပြည့်စုံလှသည့် သတို့သမီးတို့ ကပွဲခန်းမကြီးထဲသို့ ဝင်လာကြသည်ကို အာရုံစူးစိုက်ကြည့်ကြရင်း၊ အချင်းချင်း တီးတိုးပြောသံများဖြင့် ပြည့်လျှမ်းကာ သူတို့၏မျက်နှာများမှာလည်း ပြုံးရွှင်၍နေကြပေသည်။ သတို့သမီးသည်ကား ဒုတိယမြောက် ဟင်နရီဘုရင်၏ သမီးတော်၊ ပြင်သစ်နန်းတော်၏ မျက်ရှုပုလဲ အလှခဲ 'ဗေလဝါမင်းသမီးမာဂရက်'ပင် ဖြစ်ပေ၏။ မောင်တော် 'နဝမမြောက် ချာလီဘုရင်' ကိုယ်တိုင် ချစ်မြတ်နိုးတော်မူသဖြင့် သူ၏နှမတော်အား 'မာဂို' ဟူသော ချစ်စနိုးအမည်ဖြင့် ခေါ်လေ့ရှိလေသည်။

ထိုအချိန်အခါက မာဂရက်မင်းသမီးသည် အသက် ၂၀ ပင် မပြည့်သေးသော်လည်း ပြိုင်ဖက်ကင်းအောင် ကြော့ရှင်းလှပသော ရုပ်ဆင်းရှိ၍၊ ကဗျာဆရာ၊ လင်္ကာဆရာတို့က ရူပကလျာဘွဲ့များကို စပ်ဆိုကြရာတွင် 'မာဂရက်၏အလှသည် ၇ ဆောင်တိုက်ခန်းတွင် မီးမထွန်းဘဲလင်းသည့်အလှ'-ဟု ဥပမာပြုလေ့ရှိကြ၏။ မည်းနက်သော ဆံပင်၊ ကြည်လင်သောအသား၊ တင့်ကြွားသောမျက်နှာ၊ ညီညာသော နှုတ်ခမ်းပါး၊ စိုပြည်ခြင်းဖြင့်ပြည့်လျှမ်းသော မျက်လုံးများနှင့်တကွ ကျက်သရေရှိလှသော လည်ပင်း၊ ကြော့ရှင်းသောကိုယ်ထည်၊ နုနယ်သောအသားအရေများဖြင့် ပြည့်စုံ၍ လှချင်တိုင်းလှနေသော အလှနတ်ပန်း မာဂရက်မင်းသမီးသည် 'ပြင်သစ်ပြည်တည်း' ဟူသော ပန်းဥယျာဉ်ကြီး အတွင်း၌ တင့်တင့်ကြွားကြွား ငွားငွားစွင့်စွင့် ပွင့်လျက်ရှိပေရာ၊ ပြင်သစ်ပြည်သူပြည်သားတို့အဖို့ ဂုဏ်ယူစရာတစ်ရပ် ဖြစ်ခဲ့ပေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မင်းသမီးကလေးမှာ လှပကြော့ရှင်းသော ဂုဏ်အင်္ဂါများနှင့်သာ ပြည့်စုံသည်မဟုတ်၊ ပညာဗဟုသုတအရာတွင်လည်း ဘာသာရပ်ခြား စကားမျိုးစုံနှင့် စာပေကျမ်းဂန်အတန်တန်ကို ကျွမ်းကျင်တတ်မြောက်ရုံ မက၊ စကားအရာတွင်လည်း လိမ္မာချေငံလှသောကြောင့် တိုင်းတစ်ပါးမှ လာရောက်ကြကုန်သော ဧည့်သည်တော်တို့သည် မာဂရက်မင်းသမီး ကလေးနှင့် တွေ့ဆုံစကားပြောခွင့် ရသွားကြပါမူ၊ မင်းသမီး၏ဂုဏ်အင်္ဂါ တို့ကို အံ့သြလျက် 'ပြင်သစ်ပြည်နှင့်တကွ နန်းတော်ကြီးကိုသွားရောက် သူသည် မာဂရက်မင်းသမီးနှင့်မှ မတွေ့ဆုံရပါက ‹အဘယ်မှာလျှင် သွားရကျိုးနပ်နိုင်လိမ့်မည်နည်း။'–ဟုပင် ပြောဆိုကြရလေသည်။

ဆိုခဲ့သည့်အတိုင်း၊ ရှင်ဘုရင်နှင့်တကွ သတို့သမီးမာဂရက်နှင့် နီးဗားမင်းသမီးတို့ ရောက်ရှိလာကြသောအခါတွင် မင်းပွဲသဘင် စတင် လေတော့သည်။

'ဟူဂျီနို'တို့ကိုလည်း အများဆုံး စကားပြောခွင့်ပေးလိုက်လေ ရာ၊ များစွာသောဟူဂျီနိုခေါင်းဆောင်တို့လည်း ကိုယ်စီကိုယ်စီထ၍၊ 'နောက်နောက်ကဖြစ်ခဲ့သောအကြောင်းကြောင်းကို လျှော်ပစ်၍ ရှေ့ရေး အတွက် ချစ်ကြည်ရေးရရှိစေရန် အခွင့်အရေးများကိုသာ ပေးပါရန်' –ဘုရင်အား တောင်းဆိုသောစကားများကို ပြောကြလေသည်။

ရှင်ဘုရင်ကလည်း လိမ္မာပါးနပ်စွာပြုံးလျက်၊ ''ကျွန်ုပ်၏နှမ အရင်း 'မာဂို'ကို နာဗားဘုရင်ဟင်နရီနဲ့ ထိမ်းမြားပေးလိုက်ခြင်းဟာ ပြင်သစ်ပြည်တစ်ပြည်လုံးမှာရှိတဲ့ အယူသစ်ဂိုဏ်းသားအားလုံးနဲ့ ထိမ်း မြားပေးလိုက်ခြင်းနဲ့ အတူတူပါပဲ။''–ဟု မိန့်တော်မူလေသည်။

ရှင်ဘုရင်က ဤသို့ မိန့်ခွန်းမြွက်ကြားလိုက်သောအခါ အချို့က များစွာကျေနပ်သွားကြ၏။ အချို့ကမူ ပြုံးကြလေသည်၊ အဘယ်ကြောင့် ဆိုသော် ရှင်ဘုရင်၏စကားမှာ အဓိပ္ပာယ် ၂ မျိုးထွက်လာသောကြောင့်


mgyoe.com

ဖြစ်၏။ 'မာဂရက်မင်းသမီးသည် ရုပ်ရေလှပ၍ပညာရှိသလောက် မျက်နှာများသည်။'-ဟူသောသတင်းကြောင့် ဘုရင်ကိုယ်တိုင်က လုံးဝ မရည်ရွယ်သော်လည်း ပြောလိုက်သောစကားတွင် အထအနကောက်၍ ပြုံးလိုက်ကြခြင်းမျှသာ ဖြစ်သတည်း။

ထိုအချိန်တွင် 'တယ်လီညီ'နှင့် စကားပြောလျက်ရှိသော ဂီဇီ မင်းသားသည် စကားကို ဖြောင့်ဖြောင့်မပြောနိုင်ဘဲ၊ အပျိုတော်များ ခြံရံလျက်ရှိသော နာဗာမိဖုရား မာဂရက်ရှိရာသို့သာ မကြာမကြာ လှမ်း၍ ကြည့်နေလေသည်။ မာဂရက်မင်းသမီးကလည်း ပြန်ကြည့်လိုက်၍ အကြည့်ချင်းဆုံသွားကြသောအခါတွင် မင်းသမီး၏မျက်နှာမှာ မသိမသာ ညှိုးနွမ်းသွားသည်ကို တွေ့ရ၏။

မာဂရက်၏အစ်မတော် 'လောရိန်းမင်းသမီး ကလိုဒီ'သည် ဤသို့ ဂီဇီမင်းသားနှင့်မာဂရက် အပြန်အလှန်ကြည့်ကြသည်ကို သတိပြု မိကာ အကျိုးအကြောင်းကို မေးမြန်းရန် မာဂရက်ထံ ချဉ်းကပ်သွားမည် အပြုတွင် မယ်တော်ကက်သရိန်းသည် 'ကွန်ဒီမင်းသား'နှင့်အတူ ကြား ဖြတ်ဝင်လာ၍ ရုတ်တရက်ရပ်တန့်နေလိုက်ရ၏။

ထိုအခိုက်တွင် ဂီဇီမင်းသားသည် အခွင့်အရေးယူကာ သူ၏ ခယ်မတော် နီးဗားမင်းသမီးနှင့်မာဂရက်တို့အနီးသို့ ကပ်လာခဲ့လေသည်။

ဂီဇီမင်းသားသည် မာဂရက်အနီးသို့ချဉ်းကပ်သွားကာ အရိုအသေပြုပြီးသော် တည်ငြိမ်လှသောအမူအရာဖြင့် "ယူလာခဲ့ပါတယ်။" -ဟု လက်တင်ဘာသာဖြင့် ခပ်တိုးတိုး ဆိုလိုက်လေသည်။ မာဂရက် လည်း ဦးခေါင်းညွှတ်၍အရိုအသေပြုပြီး၊ လက်တင်ဘာသာဖြင့်ပင် "ဒါဖြင့် ညကျမှ ခါတိုင်းလိုပေါ့။"-ဟု ခပ်အုပ်အုပ်ဖြေလိုက်သည်။

ထိုကဲ့သို့ အပြန်အလှန်ပြောဆိုကြသောစကားများမှာ သက်ဆိုင် သူမှတစ်ပါး မကြားနိုင်လောက်အောင် တိမ်သောအသံများဖြစ်၍ အနီးရှိ


mgyoe.com

 mgyoe.com SAMPLE BOOK 

လူများ တစ်စုံတစ်ရာမသိမီ လူချင်းခွဲလိုက်ကြလေသည်။ မာဂရက်မှာကား တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေပုံရ၍၊ ဂီဇီမင်းသားအဖို့ကား ယခင်ကတိမ်ဖုံးသောမျက်နှာမှာ ရွှင်လန်းလာသလိုထင်လိုက်ရလေ၏။

ဤသို့ ဂီဇီမင်းသားနှင့် နာဗာမိဖုရားတို့၏ ထူးဆန်းသောစကားများပြောကြသည်ကို နာဗာဘုရင်ကိုယ်တိုင်ပင် သတိမထားမိချေ။ အဘယ်ကြောင့်ဆိုသော်၊ နာဗာဘုရင့်၏မျက်လုံးများသည် မာဂရက်မင်းသမီးကိုခြံရံလျက်ရှိသော အမျိုးသမီးများအနက် ချစ်စဖွယ်ရုပ်ဆင်းရှိသည့် 'ဆိုဗီအမတ်ကတော်ရှာလော့'ထံသို့ အာရုံစူးစိုက်နေသောကြောင့်ဖြစ်လေသည်။

ဆိုဗီအမတ်ကတော်ကား မယ်တော်ကက်သရိန်းဘုရင်မကြီး၏ လက်ရုံးသဖွယ် အပါးတော်ဝယ်ခစားစေသော အပျိုတော်တစ်ဦး ဖြစ်ပေသည်။ လှပသေးသွယ် ချစ်စဖွယ်အမူအရာနှင့် တောက်ပသောမျက်လုံးပြာကလေးများ၏အရောင်သည် မိန်းမပီပီသသရှိလှသော ရုပ်ဆင်းကိုဆောင်နေပေရာ၊ မယ်တော်ကက်သရိန်း၏ အကြံအစည်ရှိသမျှတွင် အကြမ်းနည်းနှင့်သုံး၍မရလျှင် အနုနည်းနှင့် ဆိုဗီအမတ်ကတော်၏ရုပ်ပါရုံကို လက်နက်ကောင်းပြု၍အသုံးချရန် လက်သပ်မွေးခဲ့သူလည်း ဖြစ်၏။

ထိုကဲ့သို့သော ဆိုဗီအမတ်ကတော်ကလေး၏ ရုပ်ပါရုံညွတ်ကွင်းသို့ တိုင်းရေးပြည်ရေးနှင့် ချစ်ရေးတွင် ရှေးဦးစွာစင်ပေါ်သို့တက်စနာဗာဘုရင်သည် လွန်ခဲ့သောလအနည်းငယ်ခန့်ကပင် သက်ဆင်းခဲ့ပြီးဖြစ်ပေသည်။ နာဗာဘုရင်ကလေးသည် ပြင်သစ်ပြည်တစ်ပြည်လုံးတွင် အချောဆုံး အလှဆုံးသရဖူဆောင်း အလှဘုရင်မကလေးဖြစ်သော ကြင်ရာတော်မာဂရက်မင်းသမီး၏ ရုပ်ပါရုံ၌ပင် မနူးညွတ်မိပါဘဲလျက်၊ ဆိုဗီအမတ်ကတော်ကိုသာ စွဲလမ်းချစ်ခင်နေခြင်းမှာ အံ့ဩဖွယ်ရာတစ်ရပ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ခဲ့၏။ ထိုထက်အံ့သြဖွယ်ရာ ကောင်းသောအချက်မှာ မယ်တော်ကက်သရိန်းသည် သမက်တော်နာဗာဘုရင်က ဆိုဗီအမတ်ကတော်အား ချစ်အာရုံညွတ်လျက်ရှိကြောင်းကို ကောင်းစွာသိပါလျက်၊ အမတ်ကတော်ကလေးကို ရှေးကကဲ့သို့ပင် ချစ်ခင်ရင်းနှီးစွာ မျက်နှာသာပေးထားနေခြင်းဖြစ်ပေသည်။ သို့ရာတွင်– အမတ်ကတော်ကလေးမှာကား မယ်တော်ဘုရင်မကြီး၏အရေးပေးချက်များကို ရရှိထားစေကာမူ ခေတ်အခါအလျောက် ချစ်လွယ်ကြိုက်လွယ်သောအမူအရာများကို မပြဘဲ၊ နာဗာဘုရင်၏အချစ်ကို လက်မခံဘဲ နေခဲ့လေသည်။ ထိုကဲ့သို့ လက်မခံဘဲနေခြင်းသည် အတွေးသမား၊ အငေးသမားသဘာဝအရင်းခံရှိသော နာဗာဘုရင်ကလေးအား စွဲလမ်းစိတ်၊ ချစ်ခင်စိတ်များ ပိုမိုများပြားလာစေသည်နှင့် တူတော့သည်။

ဆိုဗီအမတ်ကတော် ကပွဲခန်းမကြီးထဲသို့ ရောက်လာသည်မှာ မကြာသေးချေ။ ခပ်စောစောက 'ကိုယ်လက်မအီမသာရှိ၍ မလိုက်လို' ဟု အကြောင်းပြကာနေရစ်သောကြောင့် ဆိုဗီအမတ်တစ်ကိုယ်တည်းသာ ရောက်လာနှင့်ပေသည်။ အမတ်ကတော်မပါဘဲရောက်လာသော ဆိုဗီအမတ်ကိုတွေ့၍၊ 'အမတ်ကတော် နေမကောင်းသည်မှာ သာမန်မျှသာဖြစ်ကြောင်း' မယ်တော်ဘုရင်မကြီးသိရလျှင် ချစ်လှစွာသောအမတ်ကတော်ကလေးအား 'ကပွဲခန်းမသို့ လာရောက်ရမည်။'–ဟူသော အမိန့်စာကို ထုတ်ဆင့်လိုက်သောကြောင့် ယခုမှရောက်လာရခြင်းဖြစ်၏။

အမတ်ကတော်ကလေး မရောက်မီအချိန်တွင် နာဗာဘုရင်သည် စိတ်တိုင်းမကျသလိုဖြစ်ရကာ၊ 'ဤကပွဲခန်းမ၌ မိမိ၏ကြင်ရာတော်အဖြစ် သိမ်းပိုက်ရမည့် မာဂရက်မင်းသမီးနှင့်သာ မွေ့လျော်ရတော့မည်။'– ဟု အောက်မေ့လျက်၊ မာဂရက်ထံသွားရန် ခြေလှမ်းပြင်နေစဉ် ခန်းမကြီး


mgyoe.com

၏တစ်ဖက်အစွန်တံခါးမှ ဆိုဗီအမတ်ကတော်ကလေး ဝင်လာသည်ကို မြင်လိုက်ရသောကြောင့် အံ့သြဝမ်းသာဖြစ်လျက် ခြေလှမ်းများ တုံ့သွားတော့၏။ ထို့နောက်- အမတ်ကတော်ကလေးထံသို့ တန်းတန်းမတ်မတ် လျှောက်သွားကာ တွေ့ဆုံလိုက်လေသည်။

အကြောင်းကို သိကြပြီးဖြစ်သော နန်းတော်သူနန်းတော်သားတို့ကလည်း တစ်စုံတစ်ရာ မထူးဆန်းသလို နာဗာဘုရင်သွားမည့်လမ်းမှ ဖယ်ရှားပေးလိုက်ကြ၏။

ထိုသို့ စိတ်အားထက်သန်စွာသွားလိုက်သောကြောင့် ဂီဇီမင်းသားနှင့် မာဂရက်တို့တွေ့ဆုံကာ စကားအတုံ့အပြန်ပြောကြသည်ကို မမြင်လိုက်ချေ။ အမတ်ကတော်ကလေးအနီးသို့ရောက်လျှင် ပြင်သစ်ဘာသာဖြင့်ပင်

"ကိုယ်မကျန်းဖြစ်လို့ မလာနိုင်တော့ဘူးလို့ ပြောကြတာနဲ့ မမြင်ရတော့ဘူးလို့ထင်နေတုန်း ရောက်လာတယ်ပေါ့လေ။"

-ဟုပြောကာ နှုတ်ဆက်လိုက်လေသည်။

"မမြင်ရတော့ဘူးလို့ထင်ပြီး ဝမ်းနည်းနေတယ်လို့ ယူဆစေချင်တယ်ဆိုပါတော့ ကိုယ်တော်။"

"သြော်- နေ့အချိန်မှာ နေမင်းကြီးလို၊ ညအချိန်မှာ လမင်းကြီးလို အလင်းရောင်ပေးနိုင်တဲ့သူ မပေါ်လာမချင်း အလင်းရောင်ကင်းတဲ့ အမှောင်ထဲမှာနေရတာလိုမို့ ဝမ်းနည်းနေရတာပေါ့မိမိရဲ့။"

"ဒီစကားကိုတော့ လက်မခံနိုင်ပါဘူးကိုယ်တော်။ ပြင်သစ်ပြည်တစ်ပြည်လုံးမှာ အချောဆုံးအလှဆုံးဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အရှင်သခင်ဖြစ်နေတဲ့ လူတစ်ယောက်အဖို့ မှောင်ထဲမှာလည်း ပျော်စရာရွှင်စရာရှိနေတော့ အလင်းရောင်ဟာ ကွယ်ပျောက်ပေးရပါလိမ့်မယ် ကိုယ်တော်။"



mgyoe.com

mgyoe.com SAMPLE BOOK

"ဒီလိုမပြောပါနဲ့ မစိမ်းပင်ကြီးရယ်။ မောင်ဘုရားရဲ့ ပျော်ရွှင်မှုဟာ မောင်ဘုရားကိုပြုံးရယ်ပြုံးနေတဲ့ မိန်းမတစ်ယောက်တည်းရဲ့ လက်ထဲမှာသာ ရှိတယ်ဆိုတာသိရက်သားနဲ့။"

"အဲဒီမိန်းမဟာ နာဗာဘုရင်မင်းမြတ်ရဲ့ ပျော်တော်ဆက်ကစားစရာလို ဖြစ်နေခဲ့တယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်။"

'ချစ်စိတ်ကြောင့် မနာလိုဝန်တိုဖြစ်ရသောစကားများ ဖြစ်တန်ရာသည်။'-ဟု စဉ်းစားမိသော်လည်း၊ ဤကဲ့သို့ပြောလိုက်သော အမတ်ကတော်၏အမူအရာမှာ စိမ်းစိမ်းကားကားနိုင်လှသဖြင့် နာဗာဘုရင်မှာ ဣန္ဒြေပျက်သွားလေသည်။

"ဒီလိုတော့ မတရားသဖြင့် မပြောလိုက်ပါနဲ့မိမိရယ်။ အခုလက်ထပ်တာဟာ နာဗာဘုရင်ဟင်နရီနဲ့ ဗေလဝါမင်းသမီး မာဂရက်ရယ်လို့များ မိမိ ထင်သလား၊ မဟုတ်ဘူးမိမိ၊ မဟုတ်ဘူး။ ဒါကိုနည်းနည်းမှ မမြင်မိသမို့လားမိမိရယ်။"

"ဒါဖြင့်- ဘယ်သူတွေလက်ထပ်ကြသလဲကိုယ်တော်။"

"အို- အယူသစ်ဟူဂျီနိုဂိုဏ်းကြီးနဲ့ ဘုရင်ဂျီရဟန်းမင်းတို့ လက်ထပ်ကြတာပါပဲ၊ ဒါပါပဲ။"

"အို- တော်ပါတော့။ စကားတတ်တိုင်း လှည့်စားမနေပါနဲ့တော့။ ဘုရင်မင်းမြတ်ဟာ မာဂရက်မင်းသမီးကို ချစ်ပါတယ်။ ဒီလိုချစ်တာကိုလည်း အပြစ်ပြောစရာမရှိပါဘူး။ မာဂရက်ဟာ တကယ့်ကိုချစ်စရာကောင်းလောက်အောင် လှပါပေတယ်။"

ဟင်နရီ ခဏမျှစဉ်းစားလိုက်ပြီး တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် အဓိပ္ပာယ်ရှိသောအပြုံးကိုပြုံးလိုက်ကာ-

"အမတ်ကတော်ကြီးရဲ့။ စကားအချေအတင်ပြောနေဖို့ မဟုတ်ပါဘူး။ မာဂရက်မင်းသမီးကို မောင်ဘုရားလက်မထပ်ဖြစ်အောင် မိမိက

mgyoe.com

ဘာမှမဆောင်ရွက်တဲ့အပြင် မောင်ဘုရားစိတ်ပျက်အောင်ချည်း ဖယ်ထုတ်နေခဲ့တယ် မဟုတ်လား။ မိမိက မောင်ဘုရားရဲ့အချစ်ကို ငြင်းပယ်နေတာနဲ့ အခု မာဂရက်နဲ့ လက်ထပ်လိုက်ရတာပါကလား။"

"မချစ်ဝံ့ပါဘူးကိုယ်တော်။ ကိုယ်တော့်ကိုချစ်မိရင် ယခုလို လက်ထပ်ပြီးတဲ့အချိန်မှာ ဘုရားကျွန်မ လွမ်းနာဆွေးနာနဲ့သေရမယ် ဆိုတာကို သိပါတယ်ကိုယ်တော်။"

"ဩော်- မိမိက ဒါကို စိုးရိမ်တော်မူလို့ပဲဆိုပါတော့။"

"မစိုးရိမ်ပါဘူးကိုယ်တော်။ တကယ်လို့ ချစ်မိရင်သာ စိုးရိမ်ရမှာပါ။"

"ကဲ ကဲ- ဒီကနေ့ည နာဗာဘုရင်ဟာ မာဂရက်မင်းသမီးဆီကို မသွားဘူးဆိုရင်ကော။"

"မဖြစ်နိုင်တာကို မိန့်တော်မူပါနဲ့ကိုယ်တော်။"

"အမတ်ကတော်ကြီးရဲ့။ ဒီမှာကြည့်စမ်းပါ။ 'နာဗာဟင်နရီ'ပါ။ ဖြစ်နိုင်တယ်ဆိုတာကို သက်သေပြရင်ယုံမလား။ ကဲ-"

"သက်သေပြနိုင်ရင်တော့ ယုံရမှာပေါ့။ ဘယ်လိုသက်သေများ ပြမှာလဲ။"

"ဒီနေ့ည နာဗာဟင်နရီဟာ မိမိရဲ့အဆောင်တော်မှာ တစ်ညလုံး ရှိနေတယ်ဆိုရင်။"

"တစ်ညလုံး ..."

"ဟုတ်ပါတယ်။ တခြားဘယ်သူနဲ့မှ သွားမနေဘူးဆိုတာ သေချာအောင် ..."

"အို- ဒီလိုဆိုရင်တော့ ယုံရမှာပေါ့။"

ဆိုဗီအမတ်ကတော်သည် အချစ်ရည်လျှံသောမျက်လုံးများဖြင့် နာဗာဘုရင်အားကြည့်ကာ ချစ်စရာကောင်းအောင် ပြုံးပြလိုက်လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

''ယုံလို့ရှိရင် မိမိ ဘယ်လိုပြောမလဲ။ ကဲ-''

''အို- 'ဘုရင်မင်းမြတ်ဟာ ဘုရားကျွန်မကို တကယ်ချစ်တော်မူတယ်'-လို့ ပြောရမှာပေါ့။''

''ကဲ- ပြောပေတော့။ ဒါဖြင့်-''

''ဒါပေမယ့် ဒါပေမယ့်- ဘယ်လိုလုပ်ပြီး-''

''အို- မိမိရယ်။ မိမိမှာ ယုံကြည်စိတ်ချရတဲ့ မိန်းမလက်ပါး စေတစ်ယောက်လောက် မရှိဘူးလား။''

'' 'ဒါရီယိုလီ'ကတော့ စိတ်ချရပါတယ်။''

''အို- ဒါဖြင့် 'ဒါရီယိုလီ'ကို ပြောလိုက်ပေါ့။ ဗေဒင်ဟူးရားတွေဟောကြသလို မောင်ဘုရား အထွတ်အထိပ်ရောက်လို့ရှိရင် သူ့ကို မစမယ်လို့ ကတိထားတယ်လို့။ သူ့အဖို့ ခဲယဉ်းတဲ့အလုပ် မဟုတ်ပေမယ့် မောင်ဘုရားအဖို့တော့ အကျိုးထူးနိုင်ပါတယ်။ ညကျရင် သူ့ကို မိမိအဆောင်တော်တံခါးနားက စောင့်နေပါစေ။ မောင်ဘုရားလာတော့ တံခါးကို ၃ ချက် အသာထုလိုက်မယ်။ ဒီတော့ သူက ဖွင့်ပေးရမယ်။ မိမိယုံလောက်တဲ့ မောင်ဘုရားရဲ့သက်သေကိုလည်း ပြရမှာပေါ့။''

ဆိုဗီအမတ်ကတော်သည် အတန်ကြာအောင်ငြိမ်သက်နေပြီးမှ သူပြောမည့်စကားကို အနီးအနားရှိလူများ ကြားသွားမည်စိုးရိမ်သကဲ့သို့ ဘေးပတ်ပတ်လည်ကို လှည့်၍ကြည့်လိုက်လေသည်။ သူ၏မျက်လုံးများသည် အပျိုတော်များခြံရံလျက်ရှိသော မယ်တော်ဘုရင်မကြီး၏ မျက်လုံးများနှင့် ဆုံမိသောအခါ၊ အဓိပ္ပာယ်ပါလှသောအကြည့်ချင်း လဲလှယ်လိုက်သည်ကို နာဗာဘုရင်ပင် သတိမပြုလိုက်မိချေ။ ထို့နောက်- အတန်ကြာမှ ''ဒါဖြင့်- မောင်ဘုရားအထွတ်အထိပ်ရောက်တဲ့အခါ 'ဒါရီယိုလီ'ကို ထားတဲ့ကတိ တည်ပါစေနော်။''-ဟု ပြောလိုက်လေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

နာဗာဘုရင်မှာလည်း ဝမ်းအသာကြီးသာသွားကာ၊ "အို-စိတ်ချ။"-ဟု အသံထွက်အောင်ပင် အော်လိုက်မိလေသည်။ ထိုသို့အော်လိုက်သောအခိုက်အတန့်ကား- နာဗာမိဖုရားမာဂရက်က ဂီဇီမင်းသားအား "ဒါဖြင့် ညကျမှ ခါတိုင်းလိုပေါ့။"-ဟု စကားတုံ့ပြန်လိုက်သည့်အချိန်နှင့် မရှေးမနှောင်းပင်ဖြစ်သတည်း။

ထို့နောက်တွင် ဂီဇီမင်းသားသည် မာဂရက်၏အနီးမှ ရွှင်လန်းစွာခွာလာသကဲ့သို့ပင်၊ ဟင်နရီလည်း ဆိုဗီအမတ်ကတော်၏အနီးမှ ပျော်ရွှင်စွာခွာခဲ့လေတော့သည်။

ဆိုခဲ့သည့် ၂ စုံတွဲ လူချင်းခွဲလိုက်ကြပြီးနောက် တစ်နာရီခန့်အကြာတွင် မယ်တော်ကက်သရိန်းနှင့် 'ချာလီဘုရင်'တို့လည်း မိမိတို့၏အဆောင်တော်များသို့ ပြန်ကြသဖြင့်၊ ခန်းမကြီးအတွင်းရှိပရိသတ်တို့လည်း အသီးအသီး သက်ဆိုင်ရာသို့ပြန်ကြလေတော့သည်။

ရေကြောင်းဗိုလ်ချုပ်ကိုလီညီနှင့် ကွန်ဒီမင်းသားတို့သည် ဟူဂျီနိုလူကြီးလူကောင်း ၄၀၀ ခန့် အစောင့်အရှောက်ဖြင့် လူထုကြီးကိုဖြတ်၍ မိမိတို့အိမ်သို့ ပြန်ကြ၏။

ဂီဇီမင်းသားလည်း ဘရင်ဂျီအစောင့်အရှောက်များဖြင့် ခယ်မတော်နီးဗားမင်းသမီးပါ မိမိ၏ရဲတိုက်သို့ ပြန်လေ၏။

နာဗာဘုရင်, မာဂရက်မင်းသမီးနှင့် ဆိုဗီအမတ်ကတော်တို့၏ခန်းဆောင်များက လူဗရေနန်းတော်ကြီးတွင်ပင် ဖြစ်လေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

ဂီဇီမင်းသားသည် သူ၏အခန်းသို့ ပြန်ရောက်သောအခါတွင် စားပွဲပေါ်၌ ဓားနှင့်ဖိလျက်ထားသောစာတစ်စောင်ကို တွေ့ရလေသည်။

'ဂီဇီမင်းသား။

'ယနေ့ည လူဗရေသို့ မပြန်တော့ဘူးဟု မျှော်လင့်သည်။ ပြန်ခဲ့သော် အကာအကွယ်အတွက် လုံလောက်သောဓားကောင်းတစ်လက်နှင့် သံချပ်အင်္ကျီပါစေချင်သည်။'

ဂီဇီမင်းသားလည်း အဆောင်ကိုင်အားလှည့်ကြည့်ကာ ''အင်း အင်း- ဒီစာ ဘယ်သူလာထားသလဲဟေ့။''-ဟု မေးလိုက်၏။

''မွန်ဆီယာဒူဂတ် လာထားပါတယ်ကိုယ်တော်။''

''ဩော်- အေး- အေး၊ ကောင်းပြီလေ။ သူသတိပေးတဲ့အတိုင်း လိုက်နာရမှာပေါ့။ ငါ့အင်္ကျီနဲ့ဓား ပေးစမ်း။''

အဆောင်ကိုင်လည်း လျှင်မြန်စွာယူပေးသဖြင့် ဂီဇီမင်းသားလည်း ကတ္တီပါအင်္ကျီသာသာထူသော သံချပ်အင်္ကျီကိုဝတ်ဆင်ကာ အပေါ်မှ မီးခိုးရောင်အရင့်ကိုယ်ကျပ်အင်္ကျီကို ထပ်၍ဝတ်၏။ ထို့နောက် - ဖိနပ်ရှည်ကြီးကိုစီး၍ ကတ္တီပါဦးထုပ်အပျော့ကိုဆောင်းကာ ဓားမြှောင်တပ်ထားသော ခါးပတ်ကို ပတ်လိုက်၏။ အားလုံးအဆင်သင့်ဖြစ်သော


mgyoe.com

mgyoe.com SAMPLE BOOK

အခါ လူ့ဗရေနန်းတော်သို့ ရှေးရှု၍ထွက်ခဲ့လေသည်။ သူ အိမ်အထွက်သို့ ရောက်သောအခါ နာရီသံချောင်းခေါက်သံတစ်ချက် ကြားရ၏။

လူ့ဗရေနန်းတော်ကြီးတစ်ဝိုက်တွင်ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။ နန်းတော်ကြီးမှာလည်း စောစောကထွန်းထားသောမီးများငြိမ်းလျက် အိပ်မောကျနေသောဟန် ရှိ၏။

မာဂရက်၏အဆောင်တော်ကား အောက်ထပ်တွင်ပင်ရှိသော်လည်း အပြင်မှဝင်နိုင်ရန် မလွယ်ကူလှပေ။ မြေပြင်မှ ပေ ၃၀ ခန့် မြင့်သောနေရာ၌သာ တံခါးရှိလေသည်။ သို့သော်- ဂီဇီမင်းသားသည် တစ်စုံတစ်ရာ ဆုတ်ဆိုင်းခြင်းမရှိဘဲ မာဂရက်၏အဆောင်ရှိရာသို့ ချဉ်းကပ်သွားလေ၏။ ထိုအချိန်တွင် တံခါးမင်းတုပ်ဖွင့်သံကြားလိုက်ရပြီး အောက်ဆုံးအထပ်က ပြတင်းတစ်ခု ပွင့်လာလေသည်။ တံခါးမှာ သံတိုင်သံတားများဖြင့်ပိတ်ထားသော်လည်း သံတားတစ်ခုမှာ ဖြုတ်၍ရအောင် စီမံထားဟန်ရှိ၏။ ထိုသံတားကိုမလျက် ပိုးကြိုးတစ်စင်းကျလာသည်ကို မြင်ရလေသည်။

ဂီဇီမင်းသားသည် သူ့အင်္ကျီအိတ်ထဲ၌ အသင့်ဆောင်လာသော ကြိုးလှေကားတစ်စင်းကိုထုတ်၍ 'ဂျီလုံနီ' ချပေးသော ပိုးကြိုးအဖျားတွင် ချည်လိုက်လျှင်၊ ဂျီလုံနီလည်း ပိုးကြိုးကိုဆွဲတင်၍ ကြိုးလှေကားကို သံတိုင်တွင် မြဲမြံစွာချည်လိုက်၏။ ထို့နောက်- ကြိုးလှေကားအတိုင်းတက်၍ အပေါ်သို့ရောက်သောအခါ ကြိုးလှေကားကိုဖြုတ်၍ သံတားကို နေရာမပျက်ပြန်တပ်ထားပြီးလျှင် ဂျီလုံနီ၏နောက်သို့ လိုက်ခဲ့လေသည်။

ဂျီလုံနီကား ပြင်သစ်စစ်သေနာပတိကြီး 'မာတီညန်' ၏သမီးဖြစ်လေသည်။ မာဂရက်မင်းသမီး၏ အယုံကြည်စိတ်အချရဆုံး လက်ပါးစေအပျိုတော်လည်းဖြစ်၍ မင်းသမီး၏ အတွင်းရေးမှန်သမျှကို တစ်စမကျန် အကုန်သိရသူဖြစ်ပေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အောက်ထပ်တွင် လည်းကောင်း၊ စင်္ကြံများတွင် လည်းကောင်း မီးရောင်ကင်းမဲ့လျက်ရှိလေရာ၊ ဂီဇီမင်းသားလည်း ဂျီလုံနီခေါ်ရာသို့သာ မှောင်ထဲမှလိုက်လာပြီး၊ နံရံတွင်းရှိ လျှို့ဝှက်သောကြောင်လိမ်လှေကား ဖြင့် မာဂရက်၏ အဆောင်တော်သို့ တက်ခဲ့လေ၏။ မာဂရက်၏အိပ်ခန်း ဆောင်နှင့် တွဲလျက်အခန်းသို့ရောက်လျှင် ဂျီလုံနီလည်း ရပ်တန့်လိုက်ကာ "သခင်မမှာတာတွေ ပါခဲ့ရဲ့လား။" ဟု မေးလိုက်၏။

"ပါခဲ့ပါတယ်။ ဒါပေမယ့်-သခင်မကို ကျုပ်ကိုယ်တိုင်ပေးပါ မယ်။"

"ဒါဖြင့် လာ-လာ၊ မြန်မြန်။"

ထိုအသံကား ဂျီလုံနီ၏အသံ မဟုတ်ချေ။ မှောင်ထဲမှနေ၍ ပြောလိုက်သော 'မာဂရက်၏အသံ'ဟု ဂီဇီမင်းသား ကောင်းကောင်း မှတ်မိလေသည်။

အခန်းထဲသို့ရောက်သောအခါ မာဂရက်က

"ကဲ- ဂီဇီမင်းသား။ ကျေနပ်ရဲ့လား။"

"ဘာကိုလဲထိပ်ထားရဲ့။"

"ဘာကိုဟုတ်ရမလဲ။ ဂီဇီမင်းသားကို အခုလိုအချိန်အခါမှာ အိပ်ခန်းထဲခေါ်ပြီး အတွေ့ခံတာကို ပြောတာပေါ့။ လက်ထပ်တဲ့ညမှာ တောင်မှ သတို့သားဟာ သတို့သမီးအခန်းကို မလာဘူးဆိုတာ သက် သေပြတဲ့သဘောပေါ့။"

"လာပါလိမ့်မယ်ထိပ်ထား။ ထိပ်ထားကလာစေချင်ရင် လာမှာ ပါပဲ။"

"အလို- ရှင်ကပဲ ဒီလိုပြောရသေးသလား။ ကျွန်မက သူ့ကို လာစေချင်နေတယ်ဆိုရင် ရှင့်ကို ဒီလိုချိန်းပြီး တွေ့ပါ့မလား။ စဉ်းစား ပါဦး။"


mgyoe.com

mgyoe.com SAMPLE BOOK

"မာဂရက်ရယ်။ အခုလိုချိန်းပြီးတွေ့တာက လွန်ခဲ့တဲ့အချိန်က ဓာတ်ရှုပ်တွေကို မြှုပ်ပစ်ဖို့ မဟုတ်လား။ ဒီလွန်ခဲ့တဲ့အချိန်က ဓာတ်ရှုပ်တွေဟာ ဟောဒီငွေကြုတ်ကလေးထဲမှာ ရှိနေတာကိုး။"

"ဂီဇီမင်းသားဟာ မင်းသားတစ်ယောက်ဖြစ်နေပေမယ့် ကျောင်းသားကလေးလိုပါပဲလား၊ တယ်ခက်တာကိုး။ ဒါတွေကို ကျွန်မက ဓာတ်မြှုပ်ပစ်ချင်ပေမယ့် ရနိုင်ပါ့မလား။ ကဲ ကဲ- မာဂရက်က ရှင့်ကို ချစ်လို့ပေးထားတဲ့စာတွေနဲ့ ငွေကြုတ်ကိုတော့ သိမ်းထားပါတော့၊ ယူထားပါတော့။ အဲဒီစာတွေထဲက တစ်စောင်တည်း ကျွန်မအတွက်ရော ရှင့်အတွက်ရော ဘေးမကင်းတဲ့စာတစ်စောင်တည်းသာ ပြန်ပေးပါ။"

"သဘောတော်အတိုင်းစီမံဖို့ ယူလာပါတယ်။"

ဤသို့ပြောရင်း ဂီဇီမင်းသားလည်း ငွေကြုတ်ကို မာဂရက်အား လှမ်း၍ပေးလိုက်သဖြင့်၊ မာဂရက်လည်း ကြုတ်ကိုဖွင့်ကာ အလိုရှိသော စာကို အရေးတကြီးရှာလေသည်။ ထို့နောက်- တစ်စုံတစ်ရာ စိတ်မကျေနပ်သလို ဂီဇီမင်းသားအားကြည့်၍၊ "ဒီစာတွေထဲမှာ မပါပါဘူး။ ပျောက်များသွားပြီလား။"-ဟု စိုးရိမ်စွာမေးလိုက်၏။

"ဘယ်စာကိုရှာပါသလဲသခင်မ။"

"ကျွန်မကို အမြန်ဆုံးလက်ထပ်ယူဖို့ ပြောတဲ့စာ။"

"ထိပ်ထား သစ္စာမရှိတာတွေကို ဖျောက်ဖျက်ဖို့ဆိုပါတော့။"

"အို- ဒီလိုမဟုတ်ဘူး။ ရှင့်အသက်ကိုကယ်ဖို့၊ နားလည်ရဲ့လား။ ရှင့်ဆီကို အဲဒီစာရေးတော့ ကျွန်မတို့ချစ်ရေးကို ဘုရင်ကြီးသိသွားတယ်။ ရှင်နဲ့လက်ထပ်မယ့် ပေါ်တူဂယ်က 'အင်ဖန်တာမင်းသမီး' ကို လက်ထပ်ဖို့ ရှင် ကတိဖျက်မယ်ကြံတာကို ဘုရင်ကြီးသိပြီး၊ အင်ဖန်တာရဲ့မောင်တော်ကိုခေါ်ပြီး ရှင့်ကို အတင်းလုပ်ကြံခိုင်းနေတာ သိရဲ့လား။ ဘယ်မလဲ အဲဒီစာ။ ဟင်-"


mgyoe.com

mgyoe.com SAMPLE BOOK

"ပါခဲ့ပါတယ်။"

ဂီဇီမင်းသားလည်း အတွင်းအိတ်မှ ထည့်လာသောစာကိုထုတ်၍ မာဂရက်အားပေးလိုက်သောအခါ၊ မာဂရက်လည်း ဝမ်းမြောက်ဝမ်းသာ စာကိုယူ၍ကြည့်ပြီးလျှင်၊ အနီးရှိဖယောင်းတိုင်မီး၌ တင်၍ရှို့လိုက်လေသည်။ ထို့နောက်- ကြမ်းပေါ်၌ကျနေသော ပြာတို့ကို ခြေဖြင့်နင်းပစ်နေ၏။

ထိုအခြင်းအရာကို စိတ်ဝင်စားစွာကြည့်နေသော ဂီဇီမင်းသားလည်း အတန်ကြာလျှင် "ကဲ- မာဂရက်။ ကျေနပ်ပြီမလား။"-ဟု မေးလိုက်လေသည်။

"ကျေနပ်ပါတယ်။ အခု ရှင် 'ပေါ်ရှန်မင်းသမီး'ကို လက်ထပ်လိုက်တော့။ မောင်ကြီးဘုရားကလည်း ရှင့်အပေါ်ကျေနပ်ပါတယ်။ ကျွန်မအပေါ်မှာသာ ရှင့်ကို ချစ်မိကြင်နာမိတဲ့အတွက် တစ်သက်ခွင့်လွှတ်နိုင်စရာ မရှိတာပါ။"

"ဟုတ်တယ်၊ ဟုတ်ပါတယ်။ ဟိုတုန်းကတော့ ချစ်ပါတယ်၊ ကြင်နာတယ်။"

"အခုလည်း ချစ်ပါတယ်မောင်ရယ်။ အရင်ကထက်တောင် ပိုပြီးချစ်ရပါသေးတယ်။"

"ထိပ်ထားကလား ..."

"ဟုတ်ပါတယ်။ အခုလိုအချိန်အခါမျိုးမှာ သာပြီးချစ်မယ့်သူ လိုနေသေးတယ် မဟုတ်လား။ 'ဘုရင်မ'ဆိုပြီး ရာဇပလ္လင်လည်း မရှိ၊ 'မိဖုရား'ဆိုပြီး လင်လည်းမရှိ ဆိုသလို ဖြစ်နေတာကိုး။ ကဲလေ- ကုန်ကုန်ပြောမယ်။ အခု ကျွန်မလင်အမည်ခံ ဟင်နရီဘုရင်ဟာ ကျွန်မကို မချစ်ရုံ မကဘူး၊ မုန်းကိုမုန်းတယ်ဆိုတာ မခံချင်တာကလည်း တစ်


mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင်း။ ရှင်ယုံအောင် သက်သေပြချင်တာကလည်း တစ်ကြောင်းမို့ ခုလို ချိန်းတွေ့တာပဲ၊ နားလည်ပလား။"

"နာဗာဘုရင်လာဖို့အချိန်ဟာ နောက်မကျသေးပါဘူးလေ။ မလာသေးတာအမှန်ဆိုရင် လာပါလိမ့်မယ်။"

"အို- မလာပါဘူး။ စိတ်သာချပါ။"

ထိုအခိုက်တွင် ဂျီလုံနီသည် အရေးတကြီးအသံဖြင့်-

"သခင်မ။ နာဗာဘုရင် သူ့အဆောင်တော်က ထွက်လာနေပါပြီ။"-ဟု ပြောလိုက်သောအခါ၊ ဂီဇီမင်းသားလည်း "ဟုတ်ပါတယ်။ လာမယ်ဆိုတာ သိပြီးသားပါ။"-ဟု ဆိုလိုက်လေသည်။

မာဂရက်လည်း လျှင်မြန်စွာပင်

"မောင်။ ကျွန်မစကားတည်တယ်ဆိုတာ ယုံပါ။ အခု ဟို အခန်းကလေးထဲ ခဏဝင်နေလိုက်စမ်းပါ။"-ဟုပြောပြီး၊ ဂီဇီမင်းသား၏လက်ကိုဆွဲပို့ နေလေသည်။

"အချိန်ရှိတုန်း အိမ်ကိုပြန်ပါရစေလား ထိပ်ထားရယ်။ ဒီအနီးအနားကနေပြီး မာဂရက်နဲ့နာဗာဘုရင် ချစ်တင်းနှီးနှောနေတာများ မြင်ရရင် အခန်းကလေးကထွက်ပြီး ဒေါသအလျောက် ရက်စက်မိပါလိမ့်မယ်။"

"အို- ရှင်ရူးနေသလား။ ဝင်ပါ၊ 'ဝင်စမ်းပါ'ဆိုရင် ဝင်စမ်းပါ။ ကျွန်မတာဝန်ပါ။"

မာဂရက်လည်း ပြောပြောဆိုဆို ဂီဇီမင်းသားအား အခန်းငယ်ကလေးထဲသို့ တွန်းထိုးပို့လိုက်လေသည်။ ထိုကဲ့သို့ လျှင်မြန်စွာပြုလိုက်ခြင်းအတွက် အချိန်မှာ မီရုံကလေးရှိသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဂီဇီမင်းသားကို အခန်းထဲသို့သွင်းပြီး၊ တံခါးပြန်ပိတ်ပြီး


mgyoe.com

mgyoe.com SAMPLE BOOK

လျှင်ပြီးချင်း နာဇာဘုရင်ရောက်လာသောကြောင့် ဖြစ်၏။ မာဂရက်လည်း ဣန္ဒြေမပျက်ပင်ဦးညွှတ်၍ နှုတ်ဆက်လိုက်၏။

"ဩော်- ထိပ်ထား၊ မအိပ်သေးဘဲကိုး။ မောင်မောင့်ကိုများ မျှော်တော်မူနေသလား။"

"မမျှော်ပါဘူးကိုယ်တော်။ မနေ့က အမိန့်ရှိထားသလို ယခုလို လက်ထပ်လိုက်ခြင်းဟာ နိုင်ငံရေးပရိယာယ်သက်သက်မျှသာ ဖြစ်တဲ့အတွက် ကျွန်မအလိုအတိုင်း လွတ်လပ်စွာနေခွင့်ပြုတယ် ဆိုတာကို ယုံကြည်ပြီးဖြစ်ပါတယ်။"

"မှန်ပါတယ်၊ မှန်ပါတယ်။ ဒါပေမယ့်လို့ ခဏတစ်ဖြုတ်မျှ စကားစမြည်မပြောရဘူးရယ်လို့တော့ မရှိကောင်းပါဘူးနော်။ ကဲ- ဂျီလုံနီ၊ ခဏထွက်နေစမ်း။ တံခါးပိတ်ထားခဲ့။"

မာဂရက်သည် ဂျီလုံနီအား မသွားစေချင်သလို လက်ပြထားလိုက်သဖြင့်၊ နာဇာဘုရင်လည်း "အို- ဒီလိုဆိုရင် ခေါ်လိုက်ရမလား။ ထိပ်ထားအလိုရှိရင်လည်း ခေါ်ထားပါလေ။ ဒါပေမယ့်-အခုပြောရမယ့် စကားက ၂ ယောက်တည်းပြောမှ ဖြစ်မယ့်စကားမို့ပါ။"-ဟု ပြောရင်း၊ ဂီဇီမင်းသားကို ဝှက်ထားရာအခန်းငယ်ဘက်သို့ ခြေလှမ်းပြင်နေသောကြောင့် မာဂရက်လည်း ရှေ့မှသွား၍ ရတ်တရက်ကာလိုက်ပြီး၊

"မလိုပါဘူး ကိုယ်တော်။ အပြင်မှာပဲ စိတ်ချရပါတယ်။ ပြောမှာသာပြောပါ။ နားထောင်ဖို့အဆင်သင့်ပါပဲ။"-ဟု ပြောလိုက်၏။

နာဇာဘုရင် ဤသို့ပြုမူလိုက်ခြင်းမှာ တစ်စုံတစ်ခုကိုသိလို၍ စုံစမ်းရန်ဖြစ်ရာ၊ ယခု မာဂရက်မင်းသမီး၏အမူအရာကြောင့် သူသိချင်သည်ကို သိရပြီးဖြစ်လေရာ၊ ဂီဇီမင်းသားရှိနေသောအခန်းငယ်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် မျက်နှာပျက်နေသောမာဂရက်အား


mgyoe.com

mgyoe.com
SAMPLE BOOK

"ကဲလေ- ဒါဖြင့် ခဏာတစ်ဖြုတ် တိုင်ပင်ကြသေးတာပေါ့။"-ဟု ပြောလိုက်၏။

မာဂရက်လည်း နာဗာဘုရင်ညွှန်ပြသောနေရာတွင် ထိုင်လိုက်ရင်း "သဘောတော်အတိုင်းပါ။"-ဟု ပြောလိုက်၏။

နာဗာဘုရင်လည်း မာဂရက်၏ဘေးတွင် ဝင်ထိုင်လိုက်ကာ "အခု လက်ထပ်လိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး လူတွေက ဘာပဲပြောကြပြောကြ၊ ထိပ်ထားနဲ့မောင်မောင်တို့ဟာ အင်မတန် သဘောချင်းညီညွတ်ကြလိမ့်မယ်လို့ ထင်ပါတယ်။ မဟာမိတ်အဖြစ်နဲ့ သစ္စာရှိကြလိမ့်မယ်ဆိုတာကို ပြောတာပါ။ ဘယ့်နှယ်လဲ။"-ဟု မေးလိုက်၏။

"ဒါကတော့ ပြောစရာမလိုပါဘူးကိုယ်တော်။"

"ထိပ်ထားလည်း နန်းတော်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ အတော်နဲ့စပ်ပါလိမ့်မယ်။ မောင်တော်ဟာ ဘယ်သူ့ကိုမှ ရန်မပြုဖူးပေမယ့် ရန်သူတွေ အများကြီးရှိတယ်။ ဘုရင်ကြီးကလည်း မုန်းတယ်။ 'အန်ဇူမင်းသား' ကလည်း မုန်းတယ်။ 'မယ်တော်ကက်သရိန်း' ကတော့ မောင်မောင့်မယ်တော်ကို အစွမ်းကုန်မုန်းလိုက်တာနဲ့ မောင်မောင့်ကို မုန်းစရာမရှိတော့ဘူးထင်ရဲ့။"

"ဘာတွေမိန့်တော်မူရတာလဲ ကိုယ်တော်။"

"စစ်ဗိုလ်ကြီးမွိုင်ကို သတ်တဲ့ကိစ္စ၊ မောင်မောင့်မယ်တော်ကို လုပ်ကြံတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး နားထောင်ဖို့ ဒီအနီးအနားမှာ တစ်ယောက်ယောက်ရှိနေမှာကိုပဲ စိုးရိမ်ပါတယ်။"

"အို- ကိုယ်တော်။ ဒီအနားမှာ မာဂရက်နဲ့ ကိုယ်တော်ပဲရှိတာ အမြင်သားနဲ့။"

"ဒါကြောင့်မို့လည်း ပြင်သစ်ဆွေတော်မျိုးတော်တွေနဲ့ လောရိန်းဆွေမျိုးတွေဟာ မောင်မောင့်ကို ချစ်ခင်ယောင်ဆောင်ပြီး လှည့်စား


mgyoe.com

mgyoe.com SAMPLE BOOK

ကြတဲ့အကြောင်းကို ရဲရဲပြောမလို့ပဲ။"

"အို-ကိုယ်တော်။ ဒီစကားတွေဟာ အန္တရာယ်မကင်းပါဘူး။"

"မောင်မောင်နဲ့ထိပ်ထား ၂ ယောက်တည်းဆိုရင်တော့ ကိစ္စမရှိဘူး မဟုတ်လား။"

မာဂရက်မှာ အတော်အကြံရခက်သွား၏။ နာဗာဘုရင်ပြောမည့် စကားများကို တားမြစ်ထားလိုက်လိုသော်လည်း မတားမြစ်သာတော့ပေ။

နာဗာဘုရင်လည်း ဣန္ဒြေမပျက် ဆက်လက်၍ "အခု မောင်မောင်နေရတာဟာ ရန်သူတော်တွေပတ်လည်ဝိုင်းနေသလိုပဲ လူတိုင်းကို ကြောက်နေရတယ်။ 'အလင်ဖုံမင်းသား'ကိုလည်း ကြောက်ရ၊ 'အန်ဇူမင်းသား' ကိုလည်း ကြောက်ရ။ အို- အားလုံးကိုပဲ ဆိုပါတော့လေ။ ဒီလိုကြောက်နေရရုံမကဘူး။ တစ်နေ့နေ့မှာ ရန်သတ္တုရုပြုလာကြရင် မောင်မောင့်အဖို့ ထိပ်ထားရဲ့အကူအညီနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင့်ရန်သူတော်အားလုံးဟာ ထိပ်ထားကို ချစ်ခင်မြတ်နိုးကြတဲ့လူတွေမို့ပေါ့။ ထိပ်ထားလေးကို ဘုရင်ကြီးကလည်း ချစ်တော်မူတာပဲ။ အလင်ဖုံမင်းသားကလည်း ချစ်တော်မူတာပဲ။ မယ်တော်ကက်သရိန်းကလည်း ချစ်။ ဂီဇီမင်းသားကလည်း ချစ်...။"

"အို- ကိုယ်တော်-"

"အေးလေ- တစ်လောကလုံးက မာဂရက်ကိုချစ်ကြတယ်ဆိုတာဟာ အံ့သြစရာမဟုတ်ပါဘူး။ ဒါ ဘုရားသခင်နှစ်သက်တဲ့အလုပ်ပဲ။ ဒါထက်- အခု မောင်မောင်လာတာက မာဂရက်ရဲ့အချစ်ကို ရဖို့မဟုတ်ပါဘူး။ မာဂရက်ကို မောင်မောင့်မဟာမိတ်အဖြစ်နဲ့ အရေးဆိုဖို့ လာခဲ့ခြင်းဖြစ်ပါတယ်။ မာဂရက်ဟာ မောင်မောင့်မဟာမိတ်ဖြစ်လာရင် မောင်မောင် ရဲရဲနေဝံ့တာပေါ့။ အဲသလိုမဟုတ်ဘဲနဲ့ မာဂရက်ပါ မောင်မောင့် ရန်သူ ဖြစ်နေရင်တော့ မောင်မောင် အရေးနိမ့်ပြီပဲ။"


mgyoe.com

mgyoe.com SAMPLE BOOK

"ရန်သူလို့တော့ ယူဆတော်မူပါနဲ့ကိုယ်တော်။"

"မဟာမိတ်အဖြစ်တော့ကော ထိပ်ထားရဲ့။"

"စိတ်ချတော်မူပါကိုယ်တော်။"

ဟင်နရီသည် ကျေးဇူးတင်သောအမူအရာဖြင့် မာဂရက်အား ကြည့်၍၊ "ကောင်းလှပါပြီ ထိပ်ထားရယ်။ ထိပ်ထားဟာ မောင်မောင့် မဟာမိတ်အဖြစ်နဲ့ နေမယ်ဆိုတာ ယုံကြည်ပါတယ်။ အခု မောင်မောင် တို့လက်ထပ်ရတာဟာ တစ်ဦးနဲ့တစ်ဦး သဘောတူချစ်လို့ မဟုတ်။ ဘာမှလည်းမသိရဘဲနဲ့ဆိုတော့ အခုလိုပဲ သဘောတူမဟာမိတ်အဖြစ်နဲ့ သာ လွတ်လွတ်လပ်လပ်နေပြီး တစ်ယောက်ကိုတစ်ယောက် သစ္စာရှိရှိနဲ့ စောင့်ရှောက်သွားကြဖို့ပဲဆိုတာ ထိပ်ထားလည်း နားလည်တော်မူရဲ့ မဟုတ်လား။"

"နားလည်ပါတယ်ကိုယ်တော်။"

"ကဲ- ဒါဖြင့် မဟာမိတ်အချင်းချင်း စိတ်ချရကြောင်းသိကြရ အောင် အခု မောင်မောင့်မှာရှိနေတဲ့ ရန်သူတော်တွေနဲ့ ကင်းရှင်းအောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ မောင်မောင့်အကြံအစည်တွေကို ပြောပြမယ်။"

နာဗာဘုရင်သည် ဂီဇီမင်းသားရှိနေသည့်အခန်းငယ်ဆီသို့ ကြည့်၍ ပြောလိုက်သောကြောင့် မာဂရက်လည်း စိုးရိမ်ခြင်းပြင်းသောမျက်နှာဖြင့် "အို အို- ကိုယ်တော်။"-ဟု တားမြစ်သည့်လေသံဖြင့် ဆိုလိုက်လေ သည်။

ထိုအခါတွင် ပါးနပ်သောနာဗာဘုရင်လည်း မသိချင်ယောင် ဆောင်ကာ "အခု မောင်မောင်ကြံစည်ထားတာက..."-ဟု ဆက်လက် ၍ပြောလိုက်သောအခါ၊ မာဂရက်မှာ အတော်ပင် ဣန္ဒြေပျက်ကာ မနေ တတ်မထိုင်တတ်ဖြစ်လျက် ထိုင်ရာမှထလိုက်ပြီး၊ "ခဏကလေးသည်းခံ


mgyoe.com

mgyoe.com SAMPLE BOOK

ပါ ကိုယ်တော်။ မာဂရက်ခေါင်းထဲက မူးနောက်နောက်ကြီးဖြစ်နေလို့ပါ။''-ဟု တုန်တုန်ယင်ယင်နှင့်ပြောလိုက်လေသည်။

နာဗာဘုရင်လည်း ခပ်လှမ်းလှမ်းရှိမြစ်ဘက်သို့ မျက်နှာမူသည့်ပြတင်းကို သွား၍ဖွင့်လိုက်လေသည်။

မာဂရက်လည်း နောက်မှ ထက်ကြပ်လိုက်သွားကာ ''တိုးတိုးပြောရင် ကောင်းပါလိမ့်မယ်ကိုယ်တော်။''-ဟု ခပ်အုပ်အုပ်ပြောလိုက်၏။

နာဗာဘုရင်လည်း ရယ်ပြုံးပြုံးလိုက်ရင်း ''မောင်မောင်တို့ ၂ ယောက်တည်းရှိတာ ဆိုလားလို့လေ။''-ဟု ဆိုလိုက်သည်။

''မှန်ပါတယ်ကိုယ်တော်။ ဒီအခန်းမှာ ကိုယ်တော်နဲ့ မာဂရက် ၂ ယောက်ထဲရှိတာမှန်ပေမယ့် အကြံနဲ့လူက ဒီအဆောင်တော်ထဲမှာစကားပြောတာကို အဝေးကကြားရအောင် လုပ်မထားဘူးလို့ မသိနိုင်ပါဘူးကိုယ်တော်။''

''ဩော် ဩော်- ဒီလိုဆိုလည်း ဟုတ်ပါပြီလေ။ မာဂရက်ဟာ မောင်မောင့်ရဲ့ ချစ်သူတစ်ယောက်မဟုတ်ပေမယ့် မဟာမိတ်တစ်ယောက်အနေနဲ့တော့ ချီးကျူးထိုက်ပါပေတယ်။''

''ဘာကိုဆိုလိုပါသလဲကိုယ်တော်။''

''ဩော်- မာဂရက်ဟာ မဟာမိတ်တစ်ယောက်ပီသတယ်လို့ပြောတာပါ။ အခုလိုကိစ္စမှာ တကယ်လို့သာ သစ္စာဖောက်ချင်ရင် မောင်မောင်ပြောနေတဲ့စကားကို ဆက်ပြောစေမှာပေါ့။ ဒီအနားမှာ တစ်ယောက်ယောက်ရှိနေတယ်ဆိုတာ အခုသိပါပြီ။ ဘယ်လိုဖြစ်ဖြစ်လေ မဟာမိတ်တစ်ယောက်အဖြစ်နဲ့ သစ္စာစောင့်ရင် ကောင်းလှပါပြီ။''

''အို- ကိုယ်တော်။''

''အေးလေ- ကောင်းပါပြီ။ ဒီကိစ္စကို နောက်မှ တစ်ယောက်အကြောင်းတစ်ယောက် ပိုပြီး ကောင်းကောင်းသိကြမှပဲ ပြောကြတာ


mgyoe.com

mgyoe.com
SAMPLE BOOK

ပေါ့။ ဘယ့်နှယ်လဲ- အခု အတော်နေသာသွားပလား။''

''မှန်လှပါ။ နေကောင်းသွားပါပြီကိုယ်တော်။''

''အင်း အင်း- ဒါပါပဲလေ။ ထိပ်ထားကို ညှဉ်းထားသလို နေရော့မယ်။ မောင်မောင်လည်း ပြန်မယ်။ မောင်တော်က စိတ်ရော ကိုယ်ပါ ယုံယုံကြည်ကြည်နဲ့ထားတဲ့မဟာမိတ်စိတ်ထားကို ထိပ်ထားက လည်း သစ္စာရှိရှိနဲ့လက်ခံစေချင်ပါတယ်။ ကဲ- ပျော်ပျော်သာ လွတ်လွတ် လပ်လပ် စက်တော်ခေါ်ရစ်ပေတော့။''

နာဗာဘုရင်လည်း နှုတ်ဆက်ရင်းထွက်သွားသဖြင့် မာဂရက်က တံခါးဝအထိ လိုက်ပို့လိုက်လေသည်။

အပြန်တွင် နာဗာဘုရင်၏စိတ်၌ 'မာဂရက်၏အခန်းတွင်း၌ မည်သူရှိနေလေသနည်း။ ချာလီဘုရင်လော၊ အန်ဇူမင်းသားလော၊ အလင် ဇုံမင်းသားလော၊ ဂီဇီမင်းသားလော၊ ချစ်သူလော၊ မောင်လော...။'- ဟု သို့လောသို့လောတွေးတောရင်း စောစောကချိန်းထားသော 'ဆိုဗီ မြို့စားကတော်' ၏ အဆောင်တော်ဘက်ဆီသို့ လာခဲ့လေသည်။

မာဂရက်လည်း နာဗာဘုရင်အား မျက်စိတဆုံး မျှော်ကြည့်နေပြီး မှ အဆောင်တော်တွင်းသို့ ပြန်ဝင်လာရာတွင် အခန်းငယ်မှထွက်လာနှင့် ပြီးဖြစ်သော ဂီဇီမင်းသားကို တွေ့ရလေသည်။

''မာဂရက်ဟာ ဒီနေ့ ကြားနေလိုက်တယ်။ မကြာခင် ရန်သူ ဖြစ်တော့မယ်။''

''ဩော်- ရှင် နားထောင်နေတယ်ပေါ့။''

''ဘယ့်နှယ်လုပ်မလဲ။ ကြားနေရတာပဲဟာကို။''

''ဒါဖြင့် ကျွန်မဟာ 'နာဗာမိဖုရား မဟုတ်ဘူး' ဆိုတာကိုကော တွေ့ပလား။''

''ဂီဇီမင်းသားရဲ့ချစ်သူ မဟုတ်ဘူးဆိုတာလည်း တွေ့ရတယ်။''


mgyoe.com

mgyoe.com SAMPLE BOOK

"အို- ဒါတော့ ကျွန်မလင်ကို ကျွန်မ မချစ်ရင်သာနေရမယ်၊ သစ္စာဖောက်ဖို့တော့ မရှိဘူး။ ရှင်ကော ရှင့်ဇနီးကို သစ္စာဖောက်မလား။"

"ဟုတ်ပါပြီလေ။ မာဂရက်ဟာ အရင်ကလို မောင့်ကိုမချစ်တော့ဘူးဆိုတာ သိပါပြီ။ အရင်ဘုရင်မင်းမြတ်က မောင့်ကိုသတ်ဖို့ ကြံစည်တုန်းက အတွင်းရေးတွေပြောပြတုန်းကလို မချစ်တော့ဘူး။"

"အဲဒီတုန်းက ဘုရင်ကအင်အားရှိပြီး ရှင်က အားမဲ့ဖြစ်နေတာကိုး။ အခု ရှင်ကအင်အားရှိပြီး ဟင်နရီကအားမဲ့။"

"ထားပါတော့လေ။ တစ်ယောက်ပြောင်းသွားပြီဟာကိုး။"

"ရှင့်အသက်ကိုကယ်ဆယ်ဖို့ ပြောင်းလိုက်တာ မှန်တယ်။"

"ကောင်းပြီလေ။ တစ်ယောက်နဲ့တစ်ယောက် မချစ်ကြတော့ဘူးဆိုမှတော့ ပြောနေလို့ အပိုပါပဲ။ ကဲ ကဲ- မာဂရက်က မောင့်အသက်ကို ကယ်ဆယ်ခဲ့တယ်ဆိုရင် တစ်ခါခါတော့ မာဂရက်ရဲ့အသက်ကို ကယ်ပြီး ဒီကျေးဇူးကို ဆပ်ရတာပေါ့။ ဒီတော့မှလည်း အချစ်စာရင်း ရှင်းကြမယ်မဟုတ်လား။ ကဲ- သွားမယ်။"

ဂီဇီမင်းသားသည် ယဉ်ကျေးစွာ ဦးညွှတ်နှုတ်ဆက်ပြီး မာဂရက်၏အဆောင်တော်မှထွက်ကာ၊ လာလမ်းအတိုင်း မိမိ၏အိမ်တော်သို့ ပြန်လေရာ မာဂရက်လည်း တစ်စုံတစ်ရာမပြောဘဲ ကြည့်နေလိုက်၏။ ထို့နောက်- မာဂရက်သည် ဖွင့်ထားသောပြတင်းဆီသို့လျှောက်သွားကာ သက်ပြင်းချလိုက်ပြီး၊ "ချစ်သူကလည်း စွန့်၊ လင်ကလည်း ပြေး၊ လက်ထပ်တဲ့ညက ဘယ်လောက်များ မင်္ဂလာရှိလဲ။"-ဟု တစ်ကိုယ်တည်းညည်းညူရင်း၊ အိပ်ချိန်ကျသဖြင့်အဝတ်လဲရန် ဂျီလုံနီကို ခေါ်လိုက်လေသတည်း။


mgyoe.com

m.gyoe.com SAMPLE BOOK


# အခန်း ၃

ဤ၀တ္ထုအစတွင် ဖော်ပြခဲ့သော မင်းပွဲသဘင်ကြီးမှာ နောက်ရက်များတွင်လည်း ကပွဲခုန်ပွဲ၊ ကစားပွဲ၊ စားသောက်ပွဲအမျိုးမျိုးတို့ဖြင့် ရက်ဆက်စည်ကားစွာ ကျင်းပလေသည်။

ဟူဂျိုနိုနှင့်ဘုရင်ဂိုဏ်းဝင်တို့မှာလည်း ပွဲတော်ချိန်ခါတွင် စေ့စပ်မိပြီးဖြစ်သည့်အားလျော်စွာ ဂိုဏ်းဂဏမရွေး လူမရွေး ခင်မင်ဖော်ရွေစွာ ပျော်ကြရွှင်ကြ၏။

ဘုရင်မင်းမြတ်ကိုယ်တိုင်ပင်လျှင် သူ့ဝါသနာဖြစ်သော ကဗျာလင်္ကာကလေးများကိုပင် ခဏတစ်ဖြုတ် ဘေးချိတ်ထား၏။

မယ်တော်ကက်သရိန်းသည်လည်း မင်းပွဲသဘင်တွင် ဝတ်စားဆင်ယင်ရန် ပိုး၊ ဖဲ၊ ကတ္တီပါ၊ ဇာနှင့် လက်ဝတ်အဆန်းတကြယ်များကို စိတ်ကူးလျက်သာ အချိန်ကုန်လေသည်။

ဟူဂျိုနိုများမှာလည်း ယခင်က အခွင့်မရခဲ့သောနေရာများ၌ ဝတ်စားတန်ဆာပြည့်စုံစွာ ဆင်ယင်လျက် ထွက်ဝင်သွားလာကာ နန်းတော်သူနန်းတော်သားများနှင့်တကွ ဘုရင်ပါ 'ဟူဂျိုနို' ဖြစ်လာတော့မလောက် ပျော်ရွှင်နေကြသည်။

တစ်ညနေတွင် အလွန်သတိဝီရိယကောင်း၍ ဘုရင်ကို အမြဲအတိုက်အခံလုပ်ခဲ့သော ရေကြောင်းဗိုလ်ချုပ်ကြီးပင်လျှင် ရောယောင်ပျော်ရွှင်၍ နေမိသောကြောင့်၊ ညနေစာစားပြီးချိန်မှ ၈ နာရီအထိထိုင်၍ သွားကြားထိုးနေတတ်သောအလေ့ကိုပင် မေ့လျော့နေမိသောဟူ၏။


m.gyoe.com

ထိုညနေကား ဘုရင်မင်းမြတ်က 'နာဗာဘုရင် ဟင်နရီ'နှင့် 'ဂီဇီမင်းသား (ဟင်နရီ)'တို့အား သူနှင့်အတူညစာစားရန် ဖိတ်ကြားသော ညနေ ဖြစ်၏။ ထမင်းစားပွဲပြီးသောအခါ ဘုရင်သည် သူတီထွင်ထားသော 'ဝံပုလွေထောင်ချောက်အကြောင်း' စိတ်အားထက်သန်စွာပြောပြနေရာမှဖြတ်၍၊ "ရေကြောင်းဗိုလ်ချုပ်ကြီး ဒီနေ့ညမလာပါလား။ မတွေ့ခဲ့ကြဘူးလား။"-ဟု ရုတ်တရက်မေးလိုက်၏။

နာဗာဘုရင်က "ဒီနေ့နံနက် ၆ နာရီကတစ်ကြိမ်, ညနေ ၇ နာရီလောက်က တစ်ကြိမ် ကျွန်တော်တွေ့ခဲ့ပါတယ်။ ကျန်းကျန်းမာမာပါပဲ။"

"နံနက် ၆ နာရီဆိုတော့ စောလွန်းလှချည်လားညီတော်။"

"မှန်လှပါ။ ညီတော်မှာထားတဲ့ လူတစ်ယောက်များ လာသလားလို့ အလုံးစုံနဲ့စပ်တဲ့ ရေကြောင်းဗိုလ်ချုပ်ကြီးဆီကို သွားပြီးစုံစမ်းပါတယ်။"

"တစ်ယောက်မကဘူး ထင်ပါတယ်။ ညီတော်လက်ထပ်တဲ့နေ့က ညီတော့်လူ ၈၀၀ ကျော်ကျော် ရှိတာပဲ။ နောင်တော့်ကိုတိုက်ဖို့ လူစုတာတော့ မဟုတ်တန်ကောင်းပါဘူးနော်။"

ပြုံးလျက် ကျီစယ်သလိုပြော၏။

"ဖလန်ဒါးပြည်နဲ့ စစ်ဖြစ်ရဖို့အကြောင်း ပြောသံကြားနေရတော့ ညီတော့်ဆီမှာရှိတဲ့ အသုံးကျမယ့်လူတွေကို နောင်တော့်အင်အားဖြစ်ဖို့ စုခေါ်ထားရပါတယ်နောင်တော်။"

ဂီဇီမင်းသားသည် မာဂရက်၏အခန်းငယ်မှနေ၍ နာဗာဘုရင်ပြောသောစကားသံများကို ကြားခဲ့ရပြီးဖြစ်၍၊ မျက်မှောင်ကြုတ်လျက် စိတ်ဝင်စားစွာနားထောင်နေလိုက်၏။

ဘုရင် "ကောင်းပါ့ညီတော်။ အင်အားဆိုတာ များလေကောင်း


mgyoe.com

mgyoe.com SAMPLE BOOK

လေပေါ့။ ခေါ်ထား ခေါ်ထား၊ အားလုံးခေါ်ထား။ ဘယ်သူတွေများလဲ ညီတော်။ သူရသတ္တိနဲ့ ပြည့်စုံတဲ့လူတွေပဲ မဟုတ်လား။"

"မှန်လှပါ။ နောင်တော့်လူတွေ၊ အန်ဇူမင်းသားရဲ့လူတွေ၊ ဂီဇီမင်းသားရဲ့လူတွေနဲ့ မယှဉ်သာပေမယ့် အမှုတော်ကိုတော့ သက်စွန့်ကြိုးပမ်းထမ်းမယ့်လူတွေပါ နောင်တော်။"

"အများကြီးလားကွယ့်။"

"၁၀ ယောက်-၁၂ ယောက်လောက်ဖြစ်မှာပါပဲ နောင်တော်။"

"နာမည်တွေကရော ..."

"နာမည်တော့ အစုံအစေ့မမှတ်မိနိုင်ပါဘူး နောင်တော်။ ဒါပေမယ့်လို့ တယ်လီညီက ထောက်ခံစာနဲ့လွှတ်လိုက်တဲ့ 'လာမိုး' ဆိုတဲ့ လူတစ်ယောက်တော့ သိပါတယ်။"

"လာမိုး။ 'လာရက်ဒီလာမိုး' ဆိုတဲ့ လူများလား။ ပရောဗင့်နယ်ကလေ။"

"မှန်ပါတယ် နောင်တော်။ ပရောဗင့်နယ်အထိ ညီတော် လူစုရပါတယ်။"

ထိုအခါတွင် ဂီဇီမင်းသားကလည်းထောက်၍၊

"ကျွန်တော်လည်း နာဗာဘုရင်လိုပါပဲ။ သူ့ထက်ဝေးတဲ့ ပီဒမွန့်နယ်ထိအောင် သတ္တိအကောင်းဆုံးဘုရင်ဂျီတွေကို စုဆောင်းထားပါတယ်။"-ဟု ပြောလိုက်၏။

"ဘုရင်ဂျီဖြစ်ဖြစ်၊ ဟူဂျီနိုဖြစ်ဖြစ် အရေးမကြီးပါဘူး။ သတ္တိကောင်းတာသာ အရေးကြီးတာပါ။"

ဤကဲ့သို့ ဘုရင်ကိုယ်တိုင်က ဂိုဏ်းဂဏမခွဲခြားဘဲ ပြောလိုက်သောအခါတွင် ဂီဇီမင်းသားပင်လျှင် အတော်အံ့ဩသွားသော-ဟူ၏။ ထိုအခိုက်တွင် "ဘုရင်မင်းမြတ်ဟာ ဖလန်ဒါးတွေအကြောင်း ပြောနေ


mgyoe.com

mgyoe.com SAMPLE BOOK

တယ်မှတ်တယ်။''-ဟု ပြောပြောဆိုဆိုဝင်လာသူမှာ ရေကြောင်းဗိုလ်ချုပ်ကြီး ဖြစ်လေသည်။ သူကား ဘုရင်မင်းမြတ်ထံ အမိန့်မခံရဘဲ 'ဝင်စေ-ထွက်စေ အမိန့်ရထားသူ' ဖြစ်၏။

ဘုရင် ''ဩ- ဘာဘကြီးပါလား။ ကြည့်စမ်းပါဦး။ အခုပဲ စစ်အကြောင်း, သူ့ရဲကောင်းအကြောင်း ပြောနေကြတုန်းရှိသေး၊ ရောက်လာတယ်။ အခု ဟောဒီက ယောက်ဖတော်နာဗာဘုရင်နဲ့ ဂီဇီမင်းသားတို့ကလည်း ကျုပ်တို့အင်အားဖြည့်ဖို့ ကြိုးစားနေကြတဲ့အကြောင်း ပြောနေကြတာပဲ။''

ဗိုလ်ချုပ် ''ဖြည့်ဖို့ရာ အင်အားလည်းရောက်လာပါတော့မယ်။ မနေ့က လာမိုးလည်း အော်လီယန်းအထိ ရောက်ပြီဆိုတာ သိရတယ်။ နက်ဖြန်-သဘက် ပါရစ်ကို ရောက်လာပါလိမ့်မယ်။''

ဂီဇီ ''ဟာ- တယ် အံ့စရာကောင်းပါလားဗိုလ်ချုပ်ကြီး။ မိုင် ၁၀၀ ကျော် ဝေးတဲ့အရပ်ကတောင် မနေ့ကသတင်းကို ရအောင်ယူနိုင်တာ ဒိဗ္ဗစက္ခုများ ရှိရော့သလား။ ဒီလိုဆို အော်လီယန်းမှာ ဘာများဖြစ်ခဲ့သလဲ၊ ဘာများဖြစ်ဦးမလဲဆိုတာ သိစမ်းချင်သဗျာ။''

ဂီဇီမင်းသားသည် သူ၏ဖခင် ဂီဇီမင်းသားကြီး 'ဖရန်စွာ' အော်လီယန်းမြို့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ရေကြောင်းဗိုလ်ချုပ်ကြီးပါဝင်သည်ကို စောင်းပါးရိပ်ခြည် ထည့်၍ပြောလိုက်ခြင်းဖြစ်သော်လည်း၊ ကိုလီညီမှာမူ အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိဘဲ အေးဆေးတည်ငြိမ်စွာပင် ''ကိုယ့်ကိစ္စဖြစ်ဖြစ်, ဘုရင့်ကိစ္စဖြစ်ဖြစ် အရေးကြီးလာလို့ သိချင်ရင် မျက်လှည့်ပြသလိုအစွမ်းနဲ့ သိရအောင်လုပ်တာပဲ။ ကျွန်ုပ်လွှတ်ထားတဲ့ မြင်းစေကျော်ကလည်း တစ်ရက်တည်းကို ၉၀ နဲ့ ၆ မိုင် ခရီးပေါက်အောင် အဆင့်ဆင့်စခန်းထောက်နဲ့ မြင်းလဲနဲ့စီးလာလို့ ရောက်နှင့်တယ်။ လာမိုးကတော့ သူ့မြင်းနဲ့သူလာရတော့ တစ်ရက်မှ


mgyoe.com

mgyoe.com SAMPLE BOOK

မိုင် ၃-၄၀ လောက်သာ သွားနိုင်တာပဲ။ ဒါကြောင့် လာမိုးဟာ ၂၄ ရက်နေ့လောက်မှ ရောက်လိမ့်မယ်ဆိုတာ သိနိုင်တာပေါ့။ ဒါပါပဲ။''

ဘုရင် ''အို- ဟုတ်လိုက်လေ ဘဘကြီးရယ်။ ဒီလူငယ်ကလေးတွေကို ပြောလိုက်စမ်းပါ။ 'အသက်ကြီးသလောက် ပညာဉာဏ်လည်းကြီးလို့ ဟောဒီဆံပင်နဲ့မုတ်ဆိတ်တွေတောင် ဖြူနေပြီ' လို့။ ကဲလေ-လူငယ်တွေလည်း ပျင်းနေပါရော့မယ်။ ပြန်ချင်ပြန်ကြပါတော့။ ဘဘကြီးနဲ့ကျုပ် စစ်ရေးမက်ရေးကလေး တိုင်ပင်ရအောင်။''

နာဗာဘုရင်နှင့် ဂီဇီမင်းသားတို့ထွက်သွားကာ အခန်းအပြင်သို့ရောက်လျှင် ဝတ္တရားကျေရုံနှုတ်ဆက်၍ လူချင်းခွဲသွားကြသောအခါ၊ 'ကိုလီညီ' သည် မည်သည့်အခါကမျှ အတူတကွမမြင်ရဖူးသောသူ ၂-ဦးကိုစိုက်ကြည့်နေရင်း စိတ်တွင်းမှ တွေဝေအံ့ဩမှုကလေးများမှာ မငြိမ်မသက်ဖြစ်မိလေသည်။ ထိုအမူအရာကိုမြင်ရသော ဘုရင်သည် ကိုလီညီ၏စိတ်ကိုသိသလို လှမ်းကိုင်လိုက်ပြီး

''မစိုးရိမ်ပါနဲ့ ဘဘကြီး။ ငြိမ်းချမ်းရေးကိုဆောင်ရွက်ဖို့ ကျုပ်တာဝန်ထားပါ။ ကျုပ်ဟာ တကယ့်ရှင်ဘုရင်ပါ။ ဘဘကြီးလိုပုဂ္ဂိုလ်တစ်ယောက် ရှိနေမှတော့ မယ်တော်လည်း မတွင်ကျယ်နိုင်ဘူးဆိုတာ ယုံပါ။''
--ဟု ပြောလိုက်၏။

''အို- ကိုယ်တော့်မယ်တော်ကက်သရိန်းဟာ ...''

''ဟုတ်ပါတယ်ဘဘကြီး။ မယ်တော်ကက်သရိန်းဟာ မိန်းမရှုပ်ကြီးပါ။ သူလုပ်လို့တော့ ငြိမ်းချမ်းရေးရမှာ မဟုတ်ပါဘူး။ ဒီဘုရင်ကိုတွေဟာ သိပ်ဒေါသကြီးပြီး ဖျက်ဆီးဖို့လောက် ကြည့်နေတာပါ။ ဒီမှာဘဘကြီး- ကျုပ်သဘောအရဆိုရင် အယူသစ်သမားတွေကို အာဏာပေးချင်တာပဲ။ တစ်ဖက်လူတွေကတော့ ဒါကိုမကျေနပ်လို့ အတင်းရော


mgyoe.com

mgyoe.com SAMPLE BOOK

အဖျင်းရောပြောနေကြတာ၊ ပုန်ကန်ဖို့ကြံနေကြတာ။ ရှင်းရှင်းပြောရရင် မိတ်ဆွေသစ်တွေကလွဲရင် ကျုပ်အနီးအနားမှာရှိနေတဲ့ လူတွေဟာ တစ်ယောက်မှ မယုံရဘူး။ 'တာဘန်း'ကလည်း သိပ်ကို တက်လမ်းရှာတဲ့အကောင်၊ 'ဘီလီဘီ'ကလည်း အရက်လောက်ဂရုစိုက်ပြီး အရက်တစ်စည်ရရင် ဘုရင်ကိုတောင် သစ္စာဖောက်မယ့်အကောင်။ 'မောင့်မိုရင်စီ' ဆိုတာလည်း အမဲပဲလိုက်နေတာပဲ။ 'ဒီရက်'ဆိုတာက စပိန်ဆက်ဗျ။ 'ဂီဇီ'ကလည်း လောရိန်းဆက်။ တကယ့်ပြင်သစ်စိတ်ဓာတ် မှန်မှန်ရှိတဲ့ လူက ပြင်သစ်တစ်ပြည်လုံးမှ ကျုပ်ရယ်, ကျုပ်ယောက်ဖတော် 'နာဗာ' ဘုရင်ရယ်, ဘဘကြီးရယ်–ဒီ ၃ ယောက်တည်းရှိတာ။ ဒါလည်း ကျုပ်က နန်းထိုင်နေရတော့ စစ်တပ်ကိုမကြည့်နိုင်ဘူး။ ယောက်ဖတော် နာဗာဘုရင်ကလည်း ငယ်သေးတော့ အတွေ့အကြုံဗဟုသုတ နည်းရှာသေးတယ်။ ဒီတော့ ဒီ ၃ ယောက်ထဲမှာ ဘဘကြီးပဲ စစ်သူကြီး၊ ဘဘကြီးပဲ ပညာရှိသုခမိန် ဆိုသလို စီမံရမှာပဲ။ အခုတောင် ဘဘကြီးကို ကျုပ်အနားမှာ အကြံပေးဉာဏ်ပေးပညာရှိအဖြစ် ထားရမလား၊ စစ်ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ လွှတ်ရမလားဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေတယ်။ ဘဘကြီး စစ်ထွက်သွားရင် တိုင်ပင်ဖို့လူ မရှိပြန်ဘူး၊ ဘဘကြီးကို ဒီမှာထားပြန်လည်း စစ်ကို အုပ်ချုပ်ဖို့လူ မရှိပြန်ဘူး ဖြစ်နေတာ။"

"ဘုရင်မင်းမြတ်။ ကျွန်ုပ်တို့ စစ်ကို ပထမအောင်ဖို့ အရေးကြီးပါတယ်။"

"ဘဘကြီးက ဒီလိုမှသင့်မယ်ဆိုရင် ဒီလိုပဲ လုပ်ရမှာပေါ့လေ။ ဒါဖြင့် တနင်္လာနေ့ ဘဘကြီးလည်း 'ဖလန်းဒါး'ကို ထွက်ပေတော့။ ကျုပ်လည်း 'အမ်ဓာစီ'ကို သွားမယ်။"

"ဒါဖြင့် ဘုရင်မင်းမြတ်ရော 'ပါရစ်'က ထွက်မှာလား။"


mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်။ ကျုပ်လည်း နန်းတော်ထဲနေရတာ စိတ်ရှုပ်လာပြီ။ ကျုပ်ဟာ အင်မတန် အေးအေးနေချင်တဲ့အတွေးသမား, အငေးသမားပဲ။ ကျုပ်ဟာ ဘုရင်လုပ်နေရပေမယ့် ကဗျာဆရာလုပ်ဖို့သာ ဗီဇက ပါတာကိုး။ ဒီတော့ ကြည့်သာစီမံပေတော့လေ။ အခုလည်း မိတ်ဆွေ ကဗျာဆရာတစ်ယောက်က ပေးလိုက်တဲ့ကဗျာကလေးတစ်ပုဒ်ကို ပြန်စာ ကဗျာရေးရဦးမှာမို့ ဘဘကြီးကိုတောင် အရေးကြီးတဲ့စာရွက်စာတမ်းတွေ မပေးနိုင်သေးဘူး။ နက်ဖြန်မှပဲ လာယူပေတော့လေ။"

"နက်ဖြန် ဘယ်အချိန်ပါလဲကိုယ်တော်။"

"၁၀ နာရီလောက်ပေါ့။ တကယ်လို့များ ကျုပ် ကဗျာရေးလို့ မပြီးသေးတာနဲ့ စောင့်နေရမယ်ဆိုရင် ကျုပ်ဗီရိုထဲက အိတ်အနီကြီး ယူသွားပေတော့။ မှားစရာမရှိပါဘူး။ အင်မတန်ထင်ရှားတဲ့ အရောင်ပဲ။ ကဲ- ကျုပ်လည်း ကဗျာရေးလိုက်ဦးမယ်။"

ဤသို့ပြောပြီးနောက် ခင်မင်ရင်းနှီးစွာနှုတ်ဆက်၍ ကိုလီညီ ပြန်သွားလေရာ၊ ချာလီဘုရင်လည်း မျက်စိတဆုံး မျှော်ကြည့်နေလိုက်လေသည်။ ထို့နောက်- အတော်ကြာမှ နေရာမှထ၍ သူ့အလွန်နှစ်သက်သော ခန်းဆောင်ဖြစ်သည့် လက်နက်တိုက်ခန်းသို့ဝင်ခဲ့၏။ ဤလက်နက်တိုက်ခန်းတွင် ဘုရင်မင်းမြတ် စားသိုင်းလေ့ကျင့်ခန်းများကို လည်းကောင်း, ကဗျာလေ့ကျင့်ခန်းများကို လည်းကောင်း ကျင့်လေ့ရှိ၏။ နံရံများတွင်ကား အကောင်းဆုံး အဖိုးအတန်ဆုံးဖြစ်သော သေနတ်အမျိုးမျိုး၊ ဓား,လှံ လက်နက်အမျိုးမျိုး၊ ဒိုင်း,လွှား,ပုဆိန်အမျိုးမျိုးတို့ကို ခမ်းနားစွာ ချိတ်ဆွဲထားလေသည်။ ထိုနေ့က ဘုရင်ကိုယ်တိုင်စပ်ဆိုထားသော ကဗျာကလေးကို ကမ္ပည်းထိုးထားသော သေနတ်တစ်လက်ပင်လျှင် ရောက်လာ၏။

လက်နက်တိုက်ထဲသို့ရောက်လျှင် ဝင်ခဲ့သောတံခါးကိုပိတ်၍ တစ်ဖက်မှအခန်းသို့ ကူးသောလမ်းရှိ ကန့်လန့်ကာကြီးကို မလိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖက်ခန်းတွင် အသက် ၃၄ နှစ်-၃၅ နှစ်ခန့်ရှိသော မိန်းမတစ်ယောက်သည် ဘုရားဝတ်ပြုနေသည်ကို မြင်ရလေသည်။ ထိုမိန်းမကား 'အယူသစ်ဘာသာဝင်'ဖြစ်၍ ကျမ်းစာတစ်အုပ်ဖြင့် ဘုရားဝတ်ပြုနေသော ချာလီဘုရင်၏အထိန်းတော် 'မာဒီလုံ'ပင်တည်း။ ဘုရင်လည်း အတန်ကြာကြည့် နေပြီးမှ "မာဒီလုံ"-ဟု ခေါ်လိုက်ရာ၊ ထိုမိန်းမလည်း ဒူးထောက်ရာမှ လှည့်ကြည့်လိုက်ပြီး၊ "သြော်- သားလား။"-ဟုပြော၍ နေမြဲနေ၏။

"ဟုတ်တယ်အမေ။ ဒီကိုလာပါဦး။"-ဟုပြော၍၊ ကန့်လန့်ကာကိုပြန်ချ၍၊ လက်နက်တိုက်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင်ကြီးတစ်ခုပေါ်သို့ သွား၍ထိုင်ကာ စောင့်နေ၏။

မကြာမီ အထိန်းတော်ကြီး ရောက်လာ၍၊

"ဘာကိစ္စလဲ သားရဲ့။"

"လာပါအမေရဲ့။ ဒီနားကို တိုးတိုးပြောစမ်းပါ။ ကျုပ်ခေါ်ထားတဲ့လူ ရောက်နေပြီလား။"

"ရောက်နေတယ်။ နာရီဝက်လောက်တောင် ရှိသွားပြီ။"

"ဒါဖြင့် လွှတ်လိုက်စမ်းအမေ။"

အထိန်းတော်ကြီးထွက်သွားပြီး၍ များမကြာမီ ကန့်လန့်ကာကြီးကိုမလျက် အသက် ၄၀ ခန့်ရှိသောလူတစ်ယောက် ဝင်လာလေသည်။ ထိုသူကား ရုပ်ဆင်းအင်္ဂါကို ကြည့်ရှုရခြင်းဖြင့် လူရိုးလူကောင်းတစ်ယောက် မဟုတ်၊ လူလိမ်လူကောက်အသွင် ပေါ်လျက်ရှိ၏။ သူ၏မျက်နှာမှာ ဘုရင်အား အရိုအသေပြုရန် များစွာကြိုးစားဟန် ပေါ်နေသော်လည်း သဘာဝမကျလှ။ လူလိမ်လူညာတို့၏အသွင်သာ ရှိလေသည်။

ချာလီဘုရင်လည်း လက်ကို နောက်သို့ပစ်လျက် တောလိုက်သီချင်းတစ်ပုဒ်ကို လေချွန်ရင်း ထိုသူအား စူးရှသောမျက်လုံးများဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

တည့်တည့်ကြီးကြည့်နေလိုက်၏။ နောက်သို့ပစ်ထားသော လက်ထဲတွင်ကား ထိုအခါက နောက်ဆုံးပေါ်ဖြစ်သော ပစ္စတိုသေနတ်တစ်လက်ကို ကိုင်ထား၏။

ဘုရင့်ရှေ့တွင်ရောက်နေရသူဖြစ်၍ မနေတတ်မထိုင်တတ်ဖြစ်နေပြီး၊ အတန်ကြာမှ ဘုရင်က

"မော်ရီဗယ်ဆိုတာ မောင်မင်းပဲလား။"

"မှန်ပါတယ်အရှင်။"

"အင်း- ကောင်းပြီ။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့တိုင်းသူပြည်သားတွေကို ညီတူညီမျှ ချစ်ခင်တယ်ဆိုတာ မောင်မင်းသိရဲ့လား။"

"မှန်ပါ။ တိုင်းသူပြည်သားများရဲ့ ဖခင်ဖွယ် ဖြစ်တယ်ဆိုတာ သိပြီးပါ အရှင်။"

"ဟူဂျီနိုတွေရော၊ ဘုရင်ဂျီတွေကိုရော ညီတူညီမျှသဘောထားတယ်ဆိုတာရော သိရဲ့လား။"

မော်ရီဗယ်သည် တစ်စုံတစ်ရာ ပြန်၍မပြောသော်လည်း သဘောမကျလှသည်ကို သိသည်နှင့်၊

"အေး- ဒါကို မောင်မင်း သဘောမကျဘူး ဟုတ်လား။ မောင်မင်းဟာ ဟူဂျီနိုတွေရဲ့ ရန်သူအကြီးစားပေကိုး။ ရေကြောင်းဗိုလ်ချုပ်ကြီးကိုတောင် သတ်ဖို့ကြံစည်တာ အထမမြောက်လို့ 'အန်ဇူမင်းသား'ရဲ့ တပ်မတော်ထဲဝင်ခဲ့တယ် မဟုတ်လား။ နောက်- စိန့်ဖာလီမြို့စား 'မွိုင်'ရဲ့တပ်ခွဲကို ရောက်သွားတယ်။"

မော်ရီဘယ် မျက်နှာပျက်နေ၏။

"နောက်-စစ်ဗိုလ်ကြီးမွိုင်ကလည်း မောင်မင်းကို သူ့သားအရင်းမွိုင်နဲ့အတူ ချစ်ခင်အရေးပေးထားတယ်။ မင်းကလည်း သူ့ကို 'အဘ' လို့ခေါ်ပြီး ရင်းရင်းနှီးနှီးနေခဲ့တယ်။"


mgyoe.com

mgyoe.com SAMPLE BOOK

မော်ရီဗယ်မှာ အမူအရာပျက်လျက် ဘုရင်အား မကြည့်ဝံ့သလို ကြမ်းဆီသို့သာ မျက်နှာငုံ့သည်ထက် ငုံ့ထား၏။

"ဒါနဲ့ စကားမစပ်၊ ရေကြောင်းဗိုလ်ချုပ်ကြီးကိုသတ်ရင် ဂီဇီ မင်းသားက မောင်မင်းကို 'ဖရန့်ဒင်္ဂါး ၁၀၀၀ ပေးမယ်' လို့ ကတိထား တယ် မဟုတ်လား။"

မော်ရီဗယ်မှာ ကြမ်းနှင့်မျက်နှာ ထိလုမတတ်ငုံ့သွားသည်။

"ဒါထက် မောင်မင်း 'အဘ' စစ်ဗိုလ်ကြီးမွိုင် မြင်းပေါ်က ကြိမ်လွတ်ကျသွားလို့ ကုန်းအကောက်မှာ မောင်မင်းက နောက်ကနေပြီး သေနတ်နဲ့ပစ်လိုက်လို့ ပွဲချင်းပြီးသေသွားတယ် မဟုတ်လား။ မောင်မင်း လည်း မွိုင်ကချီးမြှင့်ထားတဲ့ မြင်းကောင်းကိုစီးပြီး အလွတ်ထွက်ပြေးခဲ့ တယ်။ ဟုတ်ရဲ့မဟုတ်လား။"

မော်ရီဘယ်မှာ တစ်စုံတစ်ရာပြန်လည်ချေပခြင်းငှာ မစွမ်းနိုင် တော့သဖြင့် ငုံ့မြဲငုံ့နေရာ၊ ဘုရင်က လေချွန်လိုက်ပြီး အသံမှန်မှန်ဖြင့် ဆက်လက်၍

"ကဲ- မောင်မင်းကို ဒါ ဘယ်လောက် သေဒဏ်စီရင်ပစ်ချင် တယ်ဆိုတာ သိရဲ့လား။ စစ်ဗိုလ်ချုပ်ကြီးမွိုင်ရဲ့ သားကလည်း မနေ့က လာပြီး မောင်မင်းကို သေဒဏ်စီရင်ပေးဖို့ ပြောတယ်။ သူ့တောင်းဆို ချက်ဟာလည်း တရားနည်းလမ်းကျတယ်။ ပိုပြီး တရားနည်းလမ်းကျဖို့က ယူဂျိနိုနဲ့ ဘရင်ဂျီ မခွဲခြားဘဲနဲ့ ချစ်ခင်တယ်ဆိုတော့ သူတောင်းဆိုတာ ကိုလည်း လိုက်လျောရပေမယ်။"

"အရှင့်လက်ခုပ်ထဲက ရေပါ။ အရှင်ပြုလိုရာ ပြုပါတော့။"

"အေး- တရားနည်းလမ်းအတိုင်း တစ်သဝေမတိမ်းလုပ်ရလိမ့် မည်။ ကျွန်ုပ်ဟာ 'မွိုင်' ကို အင်မတန်ချစ်မြတ်နိုးတာ အမှန်ပါပဲ။ ဒါပေ မယ့် ညီတော် 'ဂီဇီမင်းသား' ကိုလည်း ထပ်တူထပ်မျှချစ်ပါတယ်။ ညီ


mgyoe.com

တော်ဂီဇီမင်းသားရဲ့လူ ဖြစ်နေတော့ မောင်မင်းကိုလည်း လွှတ်ပစ်ချင်ပါရဲ့။ တစ်ခုစဉ်းစားရမှာက မြှိုင်ရဲ့အလိုကို လိုက်ရမလား၊ ညီတော်ဂီဇီမင်းသားရဲ့ အလိုကို လိုက်ရမလား ဆိုတာပဲ။ အဲဒီအရေးမှာ တကယ်ဆိုတော့ မြှိုင်ဟာ အင်မတန်အားကိုးရတဲ့ စစ်ဗိုလ်ကောင်းတစ်ယောက် မှန်ပေမယ့် ဂီဇီမင်းသားလို မဟာဆီမဟာသွေးတစ်ယောက်နဲ့ ယှဉ်လိုက်ရင်တော့ သာမညလူတစ်ယောက် ဖြစ်ရမှာပေါ့လေ။''

ထိုအခါမှ မော်ရီဗယ်လည်း သေရာမှ ပြန်ရှင်လာသောသူကဲ့သို့ ငံ့ရာမှ တဖြည်းဖြည်းထလာနိုင်တော့၏။

''ဒီမှာ- အခု မောင်မင်း ရောက်နေတဲ့အခြေအနေက လွတ်မြောက်ရတာဟာ ညီတော်ဂီဇီမင်းသားကြောင့် မဟုတ်လား။ ညီတော်ဂီဇီမှာ စိတ်နှလုံးမချမ်းမြေ့နေတာတစ်ခုက သူ့ရဲ့အကြီးဆုံးရန်သူကြီး တစ်ဦးဟာ နံနက်တိုင်း ၁၀ နာရီလောက်မှာ 'လူဗရေနန်းတော်' ထဲက ထွက် 'အယူသစ်ဘုရားရှိခိုးကျောင်း' ရှေ့ကဖြတ်ပြီး သူ့အိမ်ရှေ့ လျှောက်လျှောက်သွားတာကို မတတ်နိုင်လို့သာ ကြည့်နေရတယ်၊ အတော်မုန်းတီးနေသတဲ့။အဲဒီရန်သူကို ဖျောက်ဖျက်ဖို့ သူ အမြဲလိုလားနေတယ်။ အဲဒါ မောင်မင်း တတ်နိုင်ပါ့မလား။''

''ဘယ်နည်း ဖျောက်ဖျက်ရမယ်ဆိုတာသာ အမိန့်ရှိပါအရှင်။''

''အို- မောင်မင်း မြှိုင်ကို လုပ်ကြံတုန်းကပစ္စတို မရှိတော့ဘူးလား။''

''ကျွန်တော်မျိုး ပစ္စတိုထက် အာကီဗူးသေနတ်နဲ့ ပိုပြီးလက်တည့်ပါတယ်။''

''ကောင်းပြီ။ ငါ့မှာ အာကီဗူးသေနတ် ၁၀ လက် ရှိတယ်။ ငါသုံးဖို့ သပ်သပ်ထားတဲ့သေနတ်ကလွဲရင် မောင်မင်းကြိုက်ရာ တစ်လက်ကိုယူ။''


mgyoe.com

mgyoe.com SAMPLE BOOK

မော်ရီဗယ်လည်း နံရံတွင်ချိတ်ထားသော အာကီဗူးသေနတ်တစ်လက်ကို သွား၍ဖြုတ်ယူပြီး၊ ''ရန်သူကိုသာ အမိန့်ရှိပါအရှင်။''-ဟု ဆိုလိုက်၏။

''ကျွန်ုပ် ဘယ့်နှယ်သိနိုင်မလဲ။''

''ဒါဖြင့် ဂီဇီကိုယ်တော်ကလေးကို သွားမေးမှပဲ။''

''မမေးနဲ့။ မောင်မင်းမေးလို့လည်း ပြောမှာမဟုတ်ဘူး။ ဘယ့်နှယ်- ဒီလိုသွားမေးလို့ ဂီဇီက ဘယ်ပြောပါ့မလဲ။''

''ဒီလိုဆိုရင် ကျွန်တော်မျိုး ဘယ့်နှယ်လုပ်ပြီး သိနိုင်မလဲ အရှင်။''

''ဒါကတော့ မခဲယဉ်းလှပါဘူး။ နံနက် ၁၀ နာရီလောက်မှာ လူဗရေနန်းတော်ကထွက်ပြီး အယူသစ်ဘုရားရှိခိုးကျောင်းရှေ့ ဖြတ်သွားတတ်တဲ့လူတစ်ယောက်ပေါ့။''

''ဒါပေမယ့်- အယူသစ်ဘုရားရှိခိုးကျောင်းရှေ့က ဖြတ်သွားတတ်တဲ့လူတွေက အများကြီးပါအရှင်။ ထူးခြားတဲ့ အမှတ်အသားတစ်ခုခုကို ညွှန်ပြတော်မူပါ။''

''ဒါလည်း လွယ်ပါတယ်။ နက်ဖြန်ဆိုပါတော့၊ နံနက် ၁၀ နာရီလောက်မှာ လူဗရေကထွက်လာပြီး ဘုရားရှိခိုးကျောင်းရှေ့ဖြတ်သွားတဲ့လူထဲမှာ စာရွက်ထည့်တဲ့သားရေအိတ်နီနီကြီး ချိုင်းညှပ်ပြီး လာတဲ့လူဆိုရင် သိရောပေါ့။''

''သိပါပြီအရှင်။ စိတ်ချတော်မူပါ။''

''ကောင်းပြီ။ နက်ဖြန် ၁၀ နာရီထိုးပြီးရင် မောင်မင်းသတင်းကြားရပါစေ။ သွားနိုင်ပြီ။''

■

mgyoe.com

# အခန်း ၄

၁၅၇၂ ခု ဩဂုတ်လ ၂၄ ရက်နေ့တွင် ရေကြောင်းဗိုလ်ချုပ်ကြီး ကိုလီညီ ခန့်မှန်းချက်အတိုင်း ပါရစ်မြို့တော် စိန်မော်ဆယ်တံခါးမှ ပရောဗင့်နယ်သား 'လာမိုး'သည် မြင်းဖြူကြီးကိုစီးလျက် ဝင်လာခဲ့လေသည်။ မြို့တွင်းသို့ဝင်မိလျှင် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ များပြားလှစွာသော ဆိုင်းဘုတ်ကြီးငယ်တို့ကို ကြည့်ရှုရင်း 'လာဗရက်'လမ်းသို့ ဝင်ခဲ့လေရာ၊ 'လာဘဲအိတ္တိုင်း' အမည်နှင့် ထမင်းဆိုင်ဆိုင်းဘုတ်တစ်ခု၏ အောက်တွင် မြင်းကိုဇက်သတ်၍ ရပ်လိုက်၏။ ဆိုင်းဘုတ်ပေါ်တွင်ကား မောပန်းလာသော ခရီးသည်များအဖို့ သွားရည်ကျစရာ ကြက်ကောင်လုံးကြော်ကြီး၏ပုံလည်းပါသဖြင့်၊ လာမိုးလည်း "ကောင်းပုံတော့ ရတာပဲ။ 'လာဘဲအိတ္တိုင်း' ဆိုတော့ လူဗရေနဲ့ နီးနီးပဲလို့ ကြားဖူးတာပဲ။ အပြင်က ပြထားတဲ့ပုံလို အစားအစာကောင်းကောင်းရရင်တော့ ဟန်ကျမှာပဲ။"-ဟု တစ်ကိုယ်တည်းပြောမိ၏။

ထိုအခိုက်တွင် တစ်ဖက်သောလမ်းထိပ်ဆီမှ မြင်းညိုကြီးတစ်စီးဖြင့် ဝင်လာသော ခရီးသည်တစ်ယောက်သည်လည်း 'လာဘဲအိတ္တိုင်း' ဆိုင်းဘုတ်ကို ရပ်၍ဖတ်လိုက်သည်ကို တွေ့ရပေသည်။

ပထမမြင်းသမားခရီးသည်ကား အသက် ၂၀ နှင့်အစိတ်အတွင်း ရှိမည်ဟု ခန့်မှန်းရသော နှုတ်ခမ်းမွေးသေးသေးသွယ်သွယ်နှင့် လူညိုချောကြီးဖြစ်၍၊ ဝတ်စားဆင်ယင်ပုံမှာလည်း အတော်ပင်အချိုးအစားကျ၍



mgyoe.com

mgyoe.com SAMPLE BOOK

ခံ့ညားပေသည်။ ဒုတိယခရီးသည်မှာကား နှုတ်ခမ်းမွေးပါးပါး အသား လတ်လတ် ဆံပင်နီညိုညို ကိုယ်ကာယတောင့်တောင့်တင်းတင်းနှင့် စစ် သားကောင်း လူချောကြီးတစ်ယောက်ပင် ဖြစ်စေကာမူ၊ သူ၏ တိုလှသော အင်္ကျီ၊ ကျပ်လှသောဘောင်းဘီနှင့် ရှေးကျလှသောဖိနပ်တို့မှာ လူရယ်စရာ လို ဖြစ်နေတော့သည်။

ဆိုင်းဘုတ်ကိုကြည့်နေကြသူ ခရီးသည် ၂ ယောက်အနက် ဒုတိယလူက စတင်နှုတ်ဆက်ကာ "ကျုပ်တို့ လူဗရေ့နဲ့နီးနေပြီ မဟုတ် ပါလားခင်ဗျာ။"-ဟု မေးလိုက်သည်။

ပထမလူ-"လူဗရေ့နားကို ရောက်နေတာပါပဲ မိတ်ဆွေ။ ဒီမှာ တည်းခိုရမလားဆိုတာ စဉ်းစားလို့မရသေးပါဘူး။"

"မစဉ်းစားရသေးပေမယ့် ဆိုင်းဘုတ်ကတော့ တယ်ဟုတ်တာ ပဲဗျာ။"

"ဒါကြောင့် စဉ်းစားနေရတာပေါ့မိတ်ဆွေ။ 'ပါရစ်မြို့'က လူ လိမ်လူညာတွေချည်းပဲဗျ။ ဆိုင်းဘုတ်နဲ့ညာ၊ ဟိုလိုညာ ဒီလိုညာ။"

"သောက်ဂရုစိုက်လို့ဗျာ။ အပြင်ကပြထားသလို ကောင်းအောင် လုပ်မပေးနိုင်ရင် ဒင်းကို ကျုပ်က ဆိုင်းဘုတ်ထဲကလို ဖြစ်သွားအောင် တံတွေးနဲ့ကြော်ပစ်လိုက်မှာပေါ့။ လာပါဗျာ၊ ဝင်ရအောင်။ ကျုပ်နာမည်က 'အန်နီဘော်ဒါ ကိုကွန်နတ်'လို့ ခေါ်ပါတယ်။ မိတ်ဆွေနာမည်ကရော ..."

"ကျုပ်နာမည် 'ဟိုင်ယာဆင့် လာရက်ဒါ လာမိုး'လို့ ခေါ်ပါ တယ်။"

"ကဲဗျာ- ဒါဖြင့် လာ၊ အတူတူပဲဝင်ကြပါစို့။"

ဤသို့ပြောပြောဆိုဆို လူငယ် ၂ ယောက်သည် မြင်းပေါ်က ဆင်းကြပြီးလျှင် ထမင်းဆိုင်ထဲသို့ ဝင်သွားကြလေရာ၊ ထမင်းဆိုင်ရှင်မှာ


mgyoe.com

အပေါက်ဝတွင် အခြားလူတစ်ယောက်နှင့် စကားပြောကြားနေသဖြင့် သူတို့အား မြင်ဟန်ပင်မတူချေ။

ထိုအခြင်းအရာကိုတွေ့ရသော ခရီးသည် ၂ ဦးမှာ စိတ်မရှည်သလိုကြည့်နေပြီး ထိုလူထွက်သွားမှ ကိုကွန်နတ်က

"ဒီမှာ ငါ့လူ- ဆိုင်ကိုလူလာတာတောင် မမြင်ဘူးလား။"

ဆိုင်ရှင်-"အား- စိတ်မရှိပါနဲ့။ မမြင်ဘူးခင်ဗျ။"

"ခုနက မမြင်ဘူး။ ကဲ- အခု မြင်ပြီမဟုတ်လား။"

"အဲ- ဟုတ်ကဲ့။ ဘာအလိုရှိပါသလဲဆရာ။"

"အဲဒီလိုလုပ်စမ်းပါ။ ဟောဒီက နယ်စားကြီးနဲ့ ကျုပ်နဲ့ ဒီည အဖို့ ဒီမှာညစာစားပြီး ဒီမှာပဲအိပ်ချင်တယ်။"

"ဝမ်းနည်းပါရဲ့ခင်ဗျာ။ အခန်းက တစ်ခန်းတည်းရှိတယ်။"

လာမိုး-"ဒီလိုဆို ရှိပါစေတော့လေ။ ကျုပ်တို့ တခြားမှာသွားတည်းတာပေါ့။"

ကိုကွန်နတ်က-"ဟာ- ကျုပ်မြင်းက ပန်းလှပြီဗျ။ ခင်ဗျား တခြားမှာသွားတည်းရင် ဒီမှာရှိတဲ့တစ်ခန်းကို ကျုပ်တည်းမည်။"

ဆိုင်ရှင်-"ဟာ- ဒီလိုလည်းမဖြစ်ဘူးခင်ဗျ။ တစ်ယောက်တည်းလည်း လက်မခံဘူးဗျ။"

နတ်-"ဟေ- တယ်ဆန်းတဲ့လူပဲ။ ခုနတော့ ၂ ယောက်မို့ လက်မခံနိုင်ဘူး။ အခု တစ်ယောက်တည်းမို့ လက်မခံနိုင်ဘူး။ ဒါဖြင့် ဘယ်လိုဖြစ်ဖြစ် လက်မခံနိုင်ဘူးလို့ ဆိုလိုတာလား။"

ဆိုင်ရှင်-"ဟုတ်ပါတယ်ဗျာ။ ဒါပဲကောင်းပါတယ်။"

နတ် ဒေါသထွက်လျက်

"ဘာကြောင့်လဲဟ။"

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရှင်–"ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့မှာ အစေခံမှ မပါဘဲကိုး။ ရှိတာက ဧည့်သည်အခန်းတစ်ခန်းနဲ့ အစေခံအခန်းတစ်ခန်းကိုး။ နယ်စားကြီးက တစ်ယောက်တည်းဆိုရင် အစေခံခန်းအတွက် ရတော့မှာမှ မဟုတ်ဘဲ။"

နတ်–"ကြည့်စမ်းပါ မွန်ဆီယာလာမိုးရယ်။ ဘယ်လောက်ရိုက်စရာကောင်းတဲ့ အကောင်လဲ။ ဆော်မှပဲ ထင်တယ်။"

လာမိုး–"ချလေ။"

ကိုကွန်နတ်နှင့် လာမိုးတို့လည်း ဆိုင်ရှင်အား ရိုက်ရန်ဟန်ပြင်လေလျှင် ဆိုင်ရှင်လည်း နောက်သို့ ၁ လှမ်း–၂ လှမ်းဆုတ်လိုက်ပြီး

"ဟာ– မလုပ်ကြနဲ့လေ။ ဒီဆရာကြီးတွေက တောနယ်ကနဲ့တူပါတယ်။ ပါရစ်မှာဆိုရင် ထမင်းဆိုင်ရှင်လိုလူတစ်ယောက်ကို သတ်တာဟာ ခေတ်မစားပါဘူးဗျာ။ အခုခေတ်မှာ ရောမပုဂ္ဂိုလ်ကြီးတွေကိုသာ သတ်နေကြတာပါ။ ခင်ဗျားတို့ ဒီလိုနှောင့်ယှက်ရင် ကျုပ်တို့လူတွေ စုခေါ်ပြီးပြန်ဆော်လို့ လူကြီးလူကောင်းတန်မဲ့ ရှက်စရာဖြစ်နေပါဦးမယ်။" –ဟု ပြောကာ ရယ်လေသည်။

ကိုကွန်နတ် ဒေါသထွက်လျက်

"အံမယ်– ကြည့်စမ်း ကြည့်စမ်း။ ရယ်များတောင် ရယ်လိုက်ချည်သေး။"

ဆိုင်ရှင်– အတွင်းရှိအစေခံထံ လှမ်း၍

"ဟေ့– ဂရီဂွါ။ ငါ့အာကီဗူးသေနတ် ပေးစမ်း။ ဟောဒီက ဆရာ ၂ ယောက်ကိုလည်း နေရာပေးလိုက်။"

နတ်– ဓားကို ဆွဲထုတ်ရင်း

"ကဲ– မွန်ဆီယာလာမိုးရေ။ အဆင်သင့် လုပ်ပေတော့။"

mgyoe.com

mgyoe.com
SAMPLE BOOK


လာမိုး–''အဆင်သင့်လုပ်တာ အရေးမကြီးဘူးမိတ်ဆွေ။ ညစာ အဆင်သင့်မဖြစ်မှာက အရေးကြီးတယ်။ 'မွန်ဆီယာဘဲအိတ္တိုင်'ပြောတာ မှန်တယ်။ သူက ပြောင်သမားမို့ စကားမချိုတာဖြစ်ပါလိမ့်မယ်။ တကယ် ဆိုတော့ ခင်ဗျားတို့ကို ဒီလို ဒီလိုကြောင့် လက်မခံနိုင်ဘူးဆိုမယ့်အစား ကောင်းမွန်စွာဖိတ်ခေါ်ပြီး စာရင်းရှင်းကြတဲ့အခါကျမှ 'ဧည့်သည်ခန်းက ဘယ်လောက်၊ အစေခံခန်းက ဘယ်လောက်' ဆိုပြီး ဘောင်းရင်လည်း ရတာပါပဲ။''

ထိုသို့ပြောရင်း လာမိုးသည် သေနတ်ရှာနေသောဆိုင်ရှင်ကို ကျော်ကာ ကိုကွန်နတ်နှင့်အတူ ဆိုင်တွင်းသို့ဝင်ခဲ့လေ၏။

ကိုကွန်နတ်–''မွန်ဆီယာလာမိုးက တယ်ပျော့တာကိုး။''

''စိတ်ရှည်ရှည်ထားဗျ။ နာဗာဘုရင့်လက်ထပ်ပွဲကိုလာတဲ့ ဧည့်သည်တွေက သိပ်များနေတော့ ထမင်းဆိုင်တွေက လူပြည့်နေတယ်။ တခြားနေရာရှာဖို့ မလွယ်ဘူး။ ပြီးတော့–ပါရစ်မြို့မှာတော့ ဒီလိုဆိုင်ရှင် မျိုးချည်းပါပဲ။''

''ရှိပါစေတော့လေ။ ဒါပေမယ့် ဆိုင်းဘုတ်ထဲကလို ကောင်း ကောင်းလုပ်မပေးဘူးဆိုရင်၊ သူ့ဆိုင် ရှော်နေရင်တော့လား ...''

ထိုအခိုက် ထမင်းဆိုင်ရှင်ဝင်လာကာ ''အံမယ်– ဆရာ၊ စိတ် သာချ။ ဘာမဆို ပထမတန်းချည်းရစေမယ်။''–ဟု ပြောလိုက်၏။

ထို့နောက်– ဦးခေါင်းကိုယမ်းရင်း အသံကိုနှိမ့်လျက်

''ဒီမှာ ဟူဂျီနိုတွေ သိပ်လာတယ်။ သူတို့သခင် ဗီယန်းမင်းသား နဲ့ ပြင်သစ်မင်းသမီးမာဂိုတို့ လက်ထပ်တာကိုး။ ကျုပ်ထမင်းဆိုင်ကို ရောက်လာတာ ဟူဂျီနိုများ ဖြစ်နေရင်တော့လား ...''

ကိုကွန်နတ်–''ကဲ– ဒါတွေထားပါ။ စားစရာရမလား။''

ဆိုင်ရှင်–''ရပါတယ်။ ချက်ချင်းရပါစေ့မယ်။''


mgyoe.com

mgyoe.com SAMPLE BOOK

နတ်-"လုပ်စမ်း မြန်မြန်။"

လာမိုးဘက်သို့လှည့်၍

"ပါရစ်မြို့တော်ကြီးကို ဘာကိစ္စနဲ့ လာခဲ့ပါသလဲမိတ်ဆွေ။ လူဗရေကို သွားဖို့ပဲလား။"

"ဟုတ်ပါတယ် မွန်ဆီယာကိုကွန်နတ်။ ခင်ဗျားလည်း လူဗရေကိုသွားမှာပဲ မဟုတ်လား။"

"ဟုတ်တယ်။ အတူသွားကြရအောင်လေ။"

"နည်းနည်းတောင် မိုးချုပ်သွားပြီထင်တယ်။ ဘယ့်နှယ်လဲ။"

"မိုးချုပ်ချုပ်-မချုပ်ချုပ် ကျုပ်ကတော့ သွားရမှာပဲဗျ။ အမိန့်က ပါရစ်ရောက်ရောက်ချင်း ဂီဇီမင်းသားကြီးကို သွားတွေ့ရမှာ။"

ထိုသို့ပြောလိုက်သည့်အခိုက်တွင် ထမင်းဆိုင်ရှင်လည်း ချက်ပြုတ်နေရာက အနီးအနားသို့တိုးလာကာ

"အလို- ဆရာ။ ခုနက ကျွန်တော်တို့မင်းသားကြီးရဲ့နာမည်ကို ပြောသံကြားလိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်လာခဲ့တာပါ။ ကဲ- ဘာလုပ်ပေးရမလဲ၊ ပြောပါဆရာ။"

-ဟု ဦးထုပ်ကိုချွတ်ရင်း ရိုသေစွာပြောလိုက်၏။

ကိုကွန်နတ်-"အံမယ်- တယ်ဟုတ်ပါလား။ လာ လာစမ်းပါဦး။ နာမည်ဘယ်လိုခေါ်ပါသလဲ။"

ဆိုင်ရှင် ဦးညွတ်လျက်

"လာဟူရီယာလို့ ခေါ်ပါတယ်။"

"အဲ အဲ- လာဟူရီယာရဲ့။ အစတုန်းကတော့ မချေမင်နဲ့။ ငါ့စားက မင်းသားကြီးရဲ့စားလောက် မထက်ဘူးထင်လို့လားကွယ့်။"

"မဟုတ်ပါဘူး နယ်စားမင်းရဲ့။ ဒါပေမယ့် ကျွန်တော်တို့ရဲ့

။


mgyoe.com

mgyoe.com SAMPLE BOOK

'ဟင်နရီကြီး'ကတော့ ပါရစ်မြို့သူမြို့သားတွေရဲ့ကိုးကွယ်ရာ ဖြစ်နေတာ ကိုး။"

လာမိုး–"ဘယ်ဟင်နရီလဲ။"

"ကျွန်တော့်အဖို့တော့ ဟင်နရီတစ်ယောက်တည်းပဲ ရှိတယ်ထင်ပါတယ်။"

"သည်းခံပါမိတ်ဆွေ။ တခြားဟင်နရီ ရှိပါသေးတယ်။ မရှိမသေမပြောပါနဲ့။ 'နာဗာဘုရင်ဟင်နရီ'၊ ပြီးတော့ ကွန်ဒီမင်းသားဟင်နရီ။"

"သူတို့ကိုတော့ ကျွန်တော် မသိပါဘူး။"

"ခင်ဗျားမသိပေမယ့် ကျုပ်သိတယ်။ ကျုပ် အခု နာဗာဘုရင်ဆီကို သွားရမယ်။ ကျုပ်ရှေ့မှာ နာဗာဘုရင်အကြောင်းကို ဒီလို ပေါ့ပေါ့ဆဆမပြောပါနဲ့။"

လာမိုးအား ဂရုမစိုက်သလို သူ့ဦးထုပ်ကို လက်နှင့်ကစားရင်းကိုကွန်နတ်အား

"နယ်စားမင်းက ဂီဇီမင်းသားကြီးနဲ့ တွေ့ရမှာပေါ့၊ ဟုတ်လား။ သိပ်ကောင်းတာပဲ။ ဒါထက် စိတ်မရှိပါနဲ့နော်။ နယ်စားမင်းက အယူသစ်သမားပဲလား။"

"အံမယ်– 'အယူသစ်'တဲ့။ ငါ့လူ ကျုပ်ဟာ ဘုရင်ဂိုဏ်မှ ဘုရင်ဂိုဏ်ပထမတန်း၊ နားလည်လား။"

လာဟူရီယာသည် လာမိုးဘက်သို့လှည့်၍ ထိုမေးခွန်းကိုပင်ဆက်လက်မေးရန် ဟန်ပြင်သော်လည်း၊ လာမိုးမှာ အခြေအနေကို တစ်စုံတစ်ရာသိမထားရုံမက 'သူသိလိုသောလူများကိုစုံစမ်းရန် အခြားသောမေးခွန်းကိုမေးမည်' စိတ်ကူးခိုက်ဖြစ်၍ လာဟူရီယာ လှည့်လာသောအခါ


mgyoe.com

mgyoe.com SAMPLE BOOK

"ကဲ ကဲ- နာဗာဘုရင်မင်းမြတ်ကို မသိဘူးဆိုလည်း ရှိပါစေတော့။ ရေကြောင်းဗိုလ်ချုပ်ကြီးကိုတော့ သိတန်ကောင်းပါရဲ့။ နန်းတွင်းမှာတော့ အတော်ဩဇာတိက္ကမရှိတယ်လို့ ကြားဖူးတာပဲ။ သူ ဘယ်မှာနေသလဲ။"-ဟု မေးလိုက်သဖြင့် လာဟူရီယာမှာ မမေးရတော့ချေ။

လာဟူရီယာ- "ဘီသိုင်ဇီလမ်းထဲမှာ နေသွားတာပဲ။"

"နေသွားတာပဲ၊ ဟုတ်လား။ 'နေသွားတာပဲ' ဆိုတော့ အခုရွှေ့သွားပြီလား။ ဒါဖြင့် ဘယ်ကိုရွှေ့သွားတာလဲ။"

"ဟုတ်ကဲ့။ လောကကြီးရဲ့ အပြင်ဘက်ကိုများ ဖြစ်ကောင်းဖြစ်မလား။"

လာမိုးနှင့် ကိုကွန်နတ်လည်း ၂ ယောက်ပြိုင် "ဟာ- သေပလား။"-ဟု မေးလိုက်ကြ၏။

လာဟူရီယာ။ ။ ကိုကွန်နတ်ဘက်သို့လှည့်၍ မခံချင်စရာပြုံးလိုက်ပြီး

"ဂီဇီမင်းသားကြီးရဲ့မိတ်ဆွေက ရေကြောင်းဗိုလ်ချုပ်အကြောင်းမကြားဘူးလားဗျ။"

"ဟ- မကြားဘူး၊ ဘာဖြစ်တာလဲ။"

ယာ- "တစ်နေ့က သေနတ်နဲ့ ချောင်းအပစ်ခံရတယ်လေ။"

မိုး- "သေရောလား။ ဒါနဲ့။"

ယာ- "လက်ကျိုးသွားသတဲ့။ လက်ညှိုး ၂ ချောင်း ဖြတ်ပစ်ရတယ် ပြောတာပဲ။ ဒါပေမယ့် ကျည်စေ့တွေကတော့ အဆိပ်ဖြစ်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ။"

မိုး- "တယ်ယုတ်ပါကလား။ ဟင်- မျှော်လင့်ရသတဲ့၊ ထွီ။"

ယာ- "ထင်တာပဲလို့ ပြောတာပါ။ ဒါကလေးနဲ့တော့ ရန်ဖြစ်ချင်မနေပါနဲ့ဗျာ။ အမှတ်တမဲ့ မှားသွားတာပဲ။"


mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ပြောပြီး ကိုကွန်နတ်ဘက်သို့လှည့်ကာ မချိုမချဉ်လုပ်ပြလိုက်သေး၏။

လာမိုးမှာ ထိုသတင်းကြောင့် ဝမ်းနည်းသွားသော်လည်း၊ ကိုကွန်နတ်မှာ ဝမ်းသာသွားလေသည်။

မိုး-"ဒီလိုဆိုရင် လူဗရေကို ကျုပ်သွားပြီး နာဗာဘုရင်မင်းမြတ်ကို ချက်ချင်းတွေ့မှပဲ ဖြစ်တော့မယ်။"

နတ်-"ကျုပ်လည်း ဂီဇီမင်းသားကြီးဆီ ချက်ချင်းသွားတွေ့ရမယ်။"

မိုး- "ကဲ- ဒါဖြင့် အခုသွားကြစို့။ ကျုပ်တော့ ညစာကို နာဗာဘုရင်မင်းမြတ်နဲ့ အတူစားရလိမ့်မယ်ထင်တယ်။"

"ကျုပ်လည်း ဂီဇီမင်းသားကြီးနဲ့ စားရပါလိမ့်မယ်ထင်တယ်။"

ဤသို့ပြောပြောဆိုဆို လာမိုးနှင့် ကိုကွန်နတ်တို့ ထွက်သွားသည်ကိုမြင်ရလျှင် လာဟူရီယာလည်း 'သေနတ်ကလေး၊ သံခမောက်ကလေး ပြင်ထားမှပဲလေ။ ဘာဖြစ်ဦးမယ် မသိဘူး။'

-ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေသတည်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၅

လာမိုးနှင့်ကိုကွန်နတ်တို့မှာ ပါရစ်မြို့သို့ တစ်ခါက်မျှ မရောက်ဖူးကြသောကြောင့် လမ်း၌တွေ့သည့်လူများကို မေးရင်းမြန်းရင်းနှင့်ပင် တဖြည်းဖြည်းလာခဲ့ကြရာ၊ မကြာမီ လူဗရေနန်းတော်ကြီးအနီးသို့ ရောက်လာကြလေသည်။

မှောင်စပြုနေပြီဖြစ်သောအချိန်တွင် မားမားမတ်မတ်တည်နေသော နန်းတော်ကြီးကို မြင်ရသောအခါ လာမိုးသည် ရုတ်တရက် မြင်းကို ဇက်သတ်၍ ရပ်ထားလိုက်ပြီး အလွန်စိတ်မချမ်းသာသောမျက်နှာဖြင့် ငေးကြည့်နေသောကြောင့် ကိုကွန်နတ်က အံ့အားသင့်သွားသလို၊ "ဘာဖြစ်လို့လဲ။"-ဟုမေးလိုက်၏။

လာမိုး- "ဘာဖြစ်မှန်းမသိဘူး၊ ရင်တွေလည်း သိပ်ခုန်တာပဲ။ ထူးထူးဆန်းဆန်းပဲဗျာ။ ကျုပ်ဟာ သိပ်ကြောက်တတ်တဲ့လူတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘူး။ ဒီရဲတိုက်ကြီးကိုကြည့်ရတာ ကြောက်စရာကောင်းသလိုလိုပဲ။ အလိုလိုကြက်သီးထမိတယ်။"

ကိုကွန်နတ်- "ကျုပ်အဖို့တော့ စိတ်ကို ကြည်နေတာပဲဗျ။ အဝတ်အစားစုတ်စုတ်နုပ်နုပ်နဲ့ပေမယ့် လာတဲ့ကိစ္စက ဂုဏ်မငယ်ပါဘူးဗျာ။ အမှုတော်ကို အတိအကျထမ်းဆောင်တဲ့လူဆိုတော့ ဂုဏ်မငယ်ရအောင်လည်း လက်ခံမှာပါပဲ။"


mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ပြောပြီးနောက် လူငယ် ၂ ယောက်လည်း ရှေ့သို့တိုး၍လာခဲ့ကြရာ၊ လူဗရေနန်းတော်ကြီးသို့ ချဉ်းကပ်မိကြလေ၏။ လူဗရေနန်းတော်ကား ခါတိုင်းထက် ၂ ဆတိုး၍ အစောင့်အနေများ ချထားသည်ကို တွေ့ရသော လူငယ် ၂ ယောက်သည် ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်သွားသော်လည်း၊ ဂီဇီမင်းသား၏အမည်ကို ဖော်ထုတ်၍ စုံစမ်းမေးမြန်းလာသော ကိုကွန်နတ်အဖို့မှာ ပါရစ်မြို့သူမြို့သားများ၏ အကူအညီဖြင့် အစောင့်စစ်သားထံသို့ ချဉ်းကပ်မေးမြန်းခွင့်ရလေသည်။

သို့ရာတွင် အစောင့်စစ်သားအဖို့ ဂီဇီမင်းသား၏အမည်သည် တစ်စုံတစ်ရာမထူးခြားသလို၊ "ဝင်ဖို့လက်မှတ်စာ ပါသလား။"-ဟုသာ အမေးခံရ၏။ နောက်ဆုံးတွင် မတတ်သာတော့သဖြင့် 'မပါကြောင်း' ဝန်ခံလိုက်ရသောအခါ "ဒါဖြင့် နောက်ဆုတ်လိုက်။"-ဟု အော်၍အမိန့်ပေးခြင်း ခံရလေသည်။

ထိုအခိုက် စစ်အရာရှိတစ်ဦးနှင့် ရပ်၍စကားပြောနေသူတစ်ယောက်အား ချဉ်းကပ်၍ 'ဂီဇီမင်းသားထံ ဝင်ခွင့်ရအောင် ကြံပေးပါမည့်အကြောင်း' ပြောရလေ၏။

အရာရှိ- "ဂီဇီမင်းသားနဲ့တွေ့ဖို့ ဘာကိစ္စလဲ။ မတွေ့နိုင်ဘူး။ ဂီဇီမင်းသား အခု ဘုရင်မင်းမြတ်နဲ့ အတူရှိနေတယ်။"

"ဂီဇီမင်းသားကိုပေးဖို့စာ ပါပါတယ်။"

"ဪ- ဒီလိုလား။ နာမည်ဘယ်လိုခေါ်သလဲ။"

"အာနီဘော်ဒါ ကိုကွန်နတ်လို့ ခေါ်ပါတယ်။"

"ကောင်းပြီလေ။ 'မွန်ဆီယာအန်နီဘော်' စာကိုသာ ပေးပါ။"

"ဟာ- စာပေးလို့ ဖြစ်ပါ့မလား။ သိမှမသိဘဲနဲ့။"

ထိုအခါ အစောင့်စစ်သားကထောက်၍ "ပေးလိုက်ပါ။ ကျုပ်တာဝန်ခံပါတယ်။ 'မွန်ဆီယာဘက်စမီ' ဆိုတာ သူပဲ။"-ဟု ပြောလိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

"အို- မွန်ဆီယာဘက်စမီလား။ ဒီလိုဆို ဝမ်းသာပါတယ်ဗျာ။ ဟောဒီမှာ စာ။ အရေးကြီးတဲ့ကိစ္စဖြစ်လေတော့ စဉ်းစားရတာပါနော်။ နှောင့်နှေးမိတာ စိတ်မရှိပါနဲ့။"

"တောင်းပန်နေဖို့မလိုပါဘူး မိတ်ဆွေ။"

ထိုအခိုက်တွင် လာမိုးလည်း ဘက်စမီ၏ရှေ့သို့တိုးလာကာ "ကဲ-မွန်ဆီယာ။ ကျေးဇူးပြုပြီး လက်စနဲ့ ဟောဒီစာကလေးပါ တစ်ဆိတ်ဆောင်ကြဉ်းပြီး ပေးပါလားဗျာ။"-ဟု တောင်းပန်လိုက်၏။

"ဂီဇီမင်းသားဆီကိုလား မိတ်ဆွေ။"

"မဟုတ်ဘူးခင်ဗျ။ နာဗာဘုရင်မင်းမြတ်ဆီကို။"

"အို- ကျုပ်က နာဗာဘုရင့်အမှုထမ်း မဟုတ်ဘူး။ စာလည်း ယူမသွားနိုင်ဘူး။"

ဤသို့ပြောပြီး ဘက်စမီလည်း လှည့်၍ဝင်သွားရင်း ကိုကွန်နတ်ကို 'လိုက်ခဲ့ရန်' အချက်ပြခေါ်သွားသဖြင့်၊ လာမိုးလည်း တစ်ယောက်တည်း ကျန်ရစ်လေတော့သည်။

ထိုခဏ၌ လူဗရေနန်းတော်အတွင်းမှ စစ်သား ၁၀၀ ခန့် မြင်းတပ်တစ်တပ်ထွက်လာလေရာ အစောင့်စစ်သားက "ဟူဂျီနိုတွေနဲ့ သူတို့ဆရာမှိုင်တို့ လာကြပြီဟေ့။ တယ်ပျော်နေကြ မှတ်တယ်။ ရေကြောင်းဗိုလ်ချုပ်ကိုသတ်တဲ့သူကို သေဒဏ်ပေးဖို့ ဘုရင်က ကတိထားလိုက်ပြီနဲ့တူတယ်။"-ဟု ပြောလိုက်၏။

ထိုစကားအရ လာမိုးလည်း စစ်သားအား "ဒီမှာ တစ်ဆိတ်ခင်ဗျာ။ ခုနက အရာရှိဟာ 'မှိုင်'လို့ ပြောလိုက်တယ် မှတ်ပါတယ်။" -ဟု စုံစမ်းလိုက်၏။

"ဟုတ်ပါတယ်။ နောက်က သူ့လူဒိဋ္ဌိတွေပေါ့။"

"ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ။"


mgyoe.com

mgyoe.com
SAMPLE BOOK

လာမိုးသည် ခေါင်းဆောင်နှင့်တူသူထံ လျှင်မြန်စွာ ချဉ်းကပ်၍ "မွန်ဆီယာမ္ဗိုင် မဟုတ်လားခင်ဗျာ။"-ဟု မေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ။ ဒီကမိတ်ဆွေက ဘယ်သူပါလဲ။ ဘာကိစ္စရှိပါသလဲ။"

"ကျွန်တော့်နာမည်က လာရက်ဒါလာမိုးပါတဲ့ခင်ဗျာ။ ပရောဗင့်နယ်ဘုရင်ခံက နာဗာဘုရင်မင်းမြတ်ကိုဆက်သဖို့ စာပေးလိုက်လို့ပါ။ လူဗရေကို ဘယ်လိုလုပ်ပြီး ဝင်ရမလဲခင်ဗျာ။"

"ဩော်- လူဗရေကိုဝင်ဖို့ လွယ်ပါတယ် မိတ်ဆွေ။ ဒါပေမယ့် နာဗာဘုရင်မင်းမြတ်ကိုတော့ အခုအချိန်မှာ တွေ့ဖို့ မလွယ်လှဘူးထင်တယ်။ ဘယ်လိုဖြစ်ဖြစ်လေ ဘုရင့်အဆောင်တော်ရောက်အောင်တော့ ပို့ပေးမယ်။ တွေ့ဖို့-မတွေ့ဖို့ကတော့ ခင်ဗျား လည်သလိုကြည့်လုပ်ပေါ့။"

"ကျေးဇူးကြီးလှပါပြီခင်ဗျာ။"

မ္ဗိုင်လည်း မြင်းပေါ်ကဆင်း၍ "ဒါဖြင့်လာဗျာ။"-ဟုပြောကာ နန်းတော်တွင်းသို့ ပြန်ဝင်သွားရာ၊ လာမိုးလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါခဲ့လေသည်။

နာဗာဘုရင်၏ အဆောင်တော်သို့သွားသော တံခါးဝအထိ ပို့ပြီး နောက်၊ "ကဲ- အထဲကိုဝင်ပြီးတော့ စုံစမ်းပေတော့။ အဲဒါ နာဗာဘုရင်မင်းမြတ်ရဲ့ အဆောင်တော်ပဲ။"-ဟု ပြော၍ မ္ဗိုင်လည်း ပြန်ထွက်သွားလေ၏။

တစ်ယောက်တည်းကျန်ရစ်သော လာမိုးသည် မ္ဗိုင် ညွှန်ပြခဲ့သော တံခါးသို့ သွား၍ ခေါက်လိုက်သော်လည်း၊ အတွင်းမှ ဘာသံမျှ မကြားရ၍ နန်းတော်ကြီးတွင် ယခင်ကကြားဖူးသလို 'ဘာတစ်ခုမှ သေသေချာချာ မရှိလှကြောင်း' တွေးမိလေသည်။

'နန်းတော်ဆိုပေမယ့် အပြင်မှာလိုပါပဲလား။ ဒီလိုပဲ ခပ်လွယ်လွယ်


mgyoe.com

mgyoe.com SAMPLE BOOK

လွယ် ဝင်ထွက်သွားလာနေကြတာပဲလား။"-ဟု သူ့ကိုယ်သူပြောရင်း စုံစမ်းမေးမြန်းရန် တစ်စုံတစ်ယောက်ကိုတွေ့လိုတွေ့ငြား စကြံတစ်လျှောက် လျှောက်၍လာခဲ့လေ၏။ စကြံများမှာလည်း တိတ်ဆိတ်လျက်ရှိ၏။ အတော်ကလေးကျဉ်းမြောင်း၍ မှောင်သောစကြံတစ်ခုသို့ရောက်လျှင် သူမျက်နှာမူရာအရပ်က တံခါးတစ်ခု ရုတ်တရက်ပွင့်လာပြီး အဆောင်ကိုင် ၂ ယောက် မီးတိုင်များကိုင်လျက် ပေါ်လာကာ၊ နောက်က အလွန်ချောလှ၍ ကျက်သရေအပေါင်းနှင့်ပြည့်စုံသော မိန်းမပျိုတစ်ယောက်ပါလာသည် ကို တွေ့ရလေသည်။ မီးရောင်များကြောင့် မလှုပ်မယှက်ရပ်နေသော လာမိုးကို ကောင်းစွာမြင်နိုင်ရကား အဆိုပါမိန်းမပျိုသည် ကြည်လင် သာယာလှသောအသံဖြင့် "ဘာအလိုရှိလို့ပါလဲ မွန်ဆီယာ။"-ဟု မေး လိုက်၏။

"ခွင့်လွှတ်ပါခင်ဗျာ။ နာဗာဘုရင်နဲ့တွေ့ဖို့ မွန်ဆီယာမ္ဗိုင်က ဒီကိုပို့ထားပါတယ်။"

"ဘုရင်မင်းမြတ် ဒီမှာမရှိဘူး။ သူ မရှိပေမယ့် မိဖုရားနဲ့တွေ့လို့ ကော မဖြစ်ဘူးလား။"

"ဖြစ်ပါတယ်ခင်ဗျာ။ မိဖုရားကြီးဆီ ပို့ပေးနိုင်မယ်ဆိုရင်..."

"ပို့ပေးနေဖို့ မလိုပါဘူး။ ဒီမှာရောက်နေပါပြီ။"

"အလို- ဘယ်လိုပါတဲ့ခင်ဗျာ။"

"ကျွန်မပဲ နာဗာမိဖုရားပဲ။"

လာမိုးလည်း ရုတ်တရက်လန့်သွားသလို လှုပ်ရှားသွားသော ကြောင့် မိဖုရားကြီးကပြုံးလျက် "ကဲ ကဲ- ပြောစမ်းပါဦး မြန်မြန်။ မယ်တော်နဲ့တွေ့ဖို့ကလည်း ရှိသေးလို့။"-ဟု ဆိုလိုက်၏။

"အို- သခင်မ။ သခင်မကို ရုတ်တရက် တွေ့မြင်လိုက်ရတော့ သတိလစ်မတတ် ဖြစ်သွားအောင် သခင်မရဲ့ရူပါရုံကို အံ့သြနေမိပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


မြန်မြန်ပြောမှဖြစ်မယ်ဆိုရင် မပြောဘဲနေပါရစေတော့။ ချက်ချင်းတော့ ဘာပြောရမယ်ဆိုတာလည်း စဉ်းစားလို့မရနိုင်တော့ပါဘူး။''

ဤသို့ပြောပြီး လာမိုးလည်း ကြက်သေသေလျက်ရှိသောကြောင့် မာဂရက်က လာမိုးရှိရာသို့တိုးလာကာ ''ကဲ ကဲ- စောင့်ရတာပေါ့လေ။ သတိပြန်လည်အောင်သာ ကြိုးစားပါ။''-ဟု ဆိုလိုက်၏။

''အရှိအသေမပြုမိတာကို ခွင့်လွှတ်ပါ။ ဝင်လာလာချင်းဆိုတော့ မိဖုရားကြီးဖြစ်လိမ့်မယ်လို့ မထင်မိပါ။''

''အပျိုတော်တစ်ယောက်ယောက် ဖြစ်မှာပဲလို့ ထင်မိတယ် ဆိုပါတော့။''

''မဟုတ်ပါဘူးသခင်မ။ လူဗရေနန်းတော်ကြီးကို ချောက်ချားစေမယ့် လနတ်သမီးထက်လှတဲ့အလှ ထင်မိလို့ပါ။''

''အင်း အင်း- ရှင် နန်းတွင်းမှာ ခစားရင်တော့ ကြီးပွားမှာပဲ။ ကဲလေ- ဒါတွေထားလိုက်ပါ။ ဘုရင်မင်းမြတ်ကိုဆက်သဖို့ စာပါလာတယ်ဆို၊ ပေးလေ။ ခပ်မြန်မြန်ကလေးလုပ်စမ်းပါ။''

လာမိုးလည်း အတွင်းအိတ်ထဲကစာကို ထုတ်ယူ၍ ပေးလိုက်လျှင်၊ မာဂရက်သည် စာကို အပေါ်ယံမှ ကြည့်ရှုံ့ကြည့်ပြီး ''ရှင် မွန်ဆီယာလာမိုး မဟုတ်လား။''-ဟု မေးလိုက်၏။

လာမိုးမှာ အံ့အားသင့်လျက် ''မှန်ပါတယ်သခင်မ။ အို- သခင်မ ကျွန်တော်ရဲ့နာမည်ကိုတောင် သိနေတာပါလား။ ဝမ်းသာစရာပါပဲ။''

''နာဗာဘုရင်မင်းမြတ်နဲ့ မောင်လေး 'အလင်ဇုံမင်းသား' တို့က ရှင့်ကို မျှော်နေကြတာပဲ။ သူတို့ ခဏခဏပြောလို့ သိတာပေါ့။''

ဤသို့ပြောရင်း လာမိုး၏ရင်ငွေ့ဖြင့် ပူပူနွေးနွေးရှိသေးသော စာကို သူ၏ရင်နှင့်ကပ်လျက်ရှိသော အတွင်းအိတ်ထဲသို့ ထည့်လိုက်သဖြင့် လာမိုးလည်း မာဂရက်၏အပြုအမူများကို တစ်ခုမကျန်လိုက်ကြည့်နေ

mgyoe.com SAMPLE BOOK

မိလေသည်။ ထို့နောက်- မာဂရက်က "ကဲ- မွန်ဆီယာ။ အဆောင်ကိုင် တစ်ယောက် လမ်းပြပါလိမ့်မယ်။ အောက်ကခန်းဆောင်ထဲ သွားပြီးစောင့် နေပါ။ နာဗာဘုရင်မင်းမြတ်ဆီက လူတစ်ယောက်ယောက် လာပါလိမ့် မယ်။"-ဟုပြောကာ ဆက်လက်လျှောက်သွားလေရာ၊ လာမိုးလည်း စကြံလမ်းကလေးက ကျဉ်းလှသဖြင့် နံရံသို့ ကပ်ပေးလိုက်ရ၏။ သို့သော် လည်း ဖားလျားကျလျက် ရေမွှေးနံ့တို့ဖြင့်ကြိုင်နေသော မာဂရက်၏ ပိုးဝတ်ရုံသည် လာမိုးအား အဖျားခတ်သွားသဖြင့်၊ လာမိုးမှာ ထူးကဲသော ဂန္ဓာရုံကြောင့် ကြက်သေသေလျက် မာဂရက်အား မမိုတ်မသုန်ငေးစိုက် ကြည့်နေလိုက်မိတော့၏။

မည်မျှကြာအောင် ငေးမိနေသည်မသိ၊ လမ်းပြမည့်အဆောင်ကိုင် က စိတ်မရှည်သလို "ကဲ-မွန်ဆီယာ။"-ဟုခေါ်မှ သတိရကာ ကယောင် ကတမ်းနှင့် လိုက်ပါလာခဲ့ရလေသည်။

အဆောင်ကိုင်က မာဂရက်ထွက်သွားသည့်လမ်းအတိုင်း ခေါ် သွားသဖြင့် လာမိုးသည် မာဂရက်ကို မှိုလိုမှိုငြား ခပ်သွက်သွက်လိုက်လာ ခဲ့ရာ ကံအားလျော်စွာ တစ်ခုသောလှေကားရင်းသို့ ရောက်နေပြီဖြစ်သော မာဂရက်က လှည့်ကြည့်လိုက်သည်နှင့် ဆုံသွားသောကြောင့် လာမိုးမှာ ဒုတိယမွှိ ကြက်သေသေရပြန်သော ဟူ၏။

ထိုနောက်မှ အဆောင်ကိုင်ခေါ်ရာသို့ ဆက်လက်လိုက်ခဲ့ရာ အောက်ထပ်ရှိ ခပ်မှောင်မှောင်အခန်းတစ်ခုသို့ရောက်မှ အဆောင်ကိုင် က "ခင်ဗျား ဒီမှာစောင့်နေရမယ်။"-ဟု ညွှန်ပြ၍ အခန်းထဲသို့ဝင်မိ လျှင်၊ အဆောင်ကိုင်လည်း တံခါးကိုပိတ်၍ ပြန်လေ၏။

လာမိုးရောက်လာသောအခန်းတွင်ကား လူတစ်ယောက်သည် တစ်စုံတစ်ယောက်ကို စောင့်နေသလို ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် နေသည်ကို မြင်ရ၏။ သို့ရာတွင်-အတော်ပင်မှောင်နေ၍ မည်သူမည်ဝါ


mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်ကြောင်း မကွဲပြားသဖြင့် လာမိုးလည်း အနီးသို့ချဉ်းကပ်ကြည့်မိသည်တွင် "ဟာ- လက်စသတ်တော့ 'မွန်ဆီယာကိုကွန်နတ်'ပါလား။"- ဟု အံ့အားသင့်စွာဆိုလိုက်မိလေသည်။

"ဟာ- မွန်ဆီယာလာမိုး။ ခင်ဗျား ဘယ့်နှယ်လုပ် ဝင်ရသလဲဟင်။"

"မွန်ဆီယာမှိုင်ပေါ့ဗျ။ ဟူဂျီနိုခေါင်းဆောင်ပေါ့။ ဟူဂျီနိုတွေလည်း နန်းတော်ထဲမှာ မျက်နှာမငယ်တော့ပါဘူးဗျ။ ဒါနဲ့ ခင်ဗျား ဂီဇီမင်းသားနဲ့ တွေ့ပြီးပြီလား။"

"မတွေ့ရသေးဘူး။ ခင်ဗျားကော နာဗာဘုရင်နဲ့ တွေ့ပြီးပြီလား။"

"မတွေ့ရသေးဘူး။ ဒါပေမယ့် မကြာခင်တွေ့ရမှာပါပဲ။ ဒီမှာလာစောင့်နေပါဆိုပြီး ပို့ထားတာနဲ့ပဲ။"

"ဟာ- ဒီလိုဆို ဟန်ကျဦးမှာပဲ။ ကျုပ်တို့ ၂ ယောက် တယ်ပြီးဆုံသကိုး။ တော်ကြာ ညစာစားပွဲမှာတောင် အတူယှဉ်ထိုင်ကြရလိမ့်ဦးမယ်ထင်တယ်။ ဒါနဲ့ ခင်ဗျား မဆာဘူးလား။"

"ဟင့်အင်း။"

"ဒါနဲ့များ ဘဲအိတ္တိုင်းမှာတုန်းကတော့ ဆာနေသလိုပဲ။ ကျုပ်တော့ ဆာတာမှ သေလုအောင်ဆာသဗျာ။"

မကြာမီ ဘုရင့်အဆောင်တော်ဘက်က တံခါးတစ်ခု ပွင့်လာကာ 'ဘက်စမီ' ဝင်လာလေသည်။

လာမိုးနှင့် ကိုကွန်နတ်ကို သေချာစွာ စစ်ဆေးကြည့်ရှုပြီးမှ ကိုကွန်နတ်ကို လက်ပြ၍ခေါ်သွားသောကြောင့် ကိုကွန်နတ်လည်း လာမိုးအား လက်ယမ်းနှုတ်ဆက်ရင်း ပါသွားတော့၏။ ဘက်စမီလည်း ခန်း


mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်တစ်ခုကိုဖြတ်ကျော်ခဲ့ပြီး တံခါးတစ်ခုကိုဖွင့်ကာ တစ်ခုသောလှေကားထိပ်၌ ရပ်လိုက်ပြီး

"မွန်ဆီယာကိုကွန်နတ်။ ခင်ဗျား ဘယ်မှာတည်းသလဲ။"

"ဘဲအိတ္တိုင်းထမင်းဆိုင်မှာ။"

"အား- နီးသားပဲ။ ခင်ဗျား အဲဒီပြန်ပြီး ညကျတော့- (ဘေးသို့လှည့်ပတ်ကြည့်လိုက်ပြီး ခပ်အုပ်အုပ်အသံဖြင့် ဆက်လက်၍) ညကျတော့ ဒီကိုလာခဲ့။ ခင်ဗျားရဲ့ ဦးထုပ်မှာ ကြက်ခြေဖြူအမှတ်အသား တပ်လာခဲ့။ မေးရင် 'ဂီဇီ' လို့သာပြော။ တစ်ချက်တီးသံကြားရင် လာခဲ့ပေတော့။ လျှို့ဝှက်ပစေနော်။ ကဲ- ပြန် ပြန်။"

ကိုကွန်နတ်လည်း လာမိုးအား ပြန်၍နှုတ်ဆက်ခွင့် စောင့်ဆိုင်းခွင့်မရတော့ဘဲ၊ "လာမိုးတော့ နာဗာဘုရင်နဲ့ ညစာစားနေရစ်မှာပဲ။ သိပ်ကံကောင်းတဲ့လူ။"-ဟု တစ်ကိုယ်တည်းရေရွတ်ရင်း တည်းခိုရာ ထမင်းဆိုင်သို့ ပြန်ခဲ့လေ၏။

ကိုကွန်နတ်ကို ဘက်စမီလာခေါ်သွားသည်နှင့် မရှေးမနှောင်းပင် လာမိုးထံသို့လည်း နာဗာဘုရင့်ထံကလူတစ်ယောက် ရောက်လာ၍

"မွန်ဆီယာလာမိုး ဘယ်မှာတည်းသလဲ။"

"ဘဲအိတ္တိုင်းထမင်းဆိုင်မှာ တည်းပါတယ်။"

"ကောင်းသားပဲ။ အနီးကလေးပဲဟာ။ အခု နာဗာဘုရင်မင်းမြတ်က မတွေ့ဆုံနိုင်သေးလို့ ဒီနေ့ညနေပိုင်းကျတော့ လူဗရေကို တစ်ခေါက်လာဖို့ အမိန့်တော်မှတ်လိုက်ပါတယ်။ ညကို အခေါ်လွှတ်ပါလိမ့်မယ်။ တကယ်လို့ ဒီည ခင်ဗျားကို ဘယ်သူမှလာမခေါ်ရင် နက်ဖြန်မနက်မှ ခင်ဗျား လူဗရေကို လာခဲ့တာပေါ့။ အစောင့်တွေကတားဆီးရင် 'နာဗာ'


mgyoe.com

လို့ပြော ဝင်ခဲ့ပါ။ တံခါးပိတ်ထားရင်လည်း ဖွင့်ပေးပါလိမ့်မယ်။ ကဲ- လာ လာ၊ အပြင်ရောက်အောင် ပို့လိုက်မယ်။"

လာမိုးလည်း တစ်စုံတစ်ရာမပြောသာတော့ဘဲ ခေါ်ရာသို့လိုက်ပါလာခဲ့ရင်း 'ကိုကွန်နတ်တော့ ဂီဇီမင်းသားနဲ့ ညစာစားနေရစ်မှာပဲ။'- ဟု အောက်မေ့ကာ ဘဲအိတ်ကွိုင်းသို့ ပြန်ခဲ့လေသည်။

သို့ရာတွင်- ဘဲအိတ်ကွိုင်းထမင်းဆိုင်သို့ပြန်ရောက်၍ လာမိုး ရှေးဦးစွာ တွေ့လိုက်ရသူမှာ ကြက်ဥကြော်ကြီးတစ်ခုကိုစားရန် အားရပါးရ ထိုင်နေသော ကိုကွန်နတ်ပင် ဖြစ်လေသည်။

ကိုကွန်နတ်က ကျယ်လောင်စွာရယ်လျက်

"ကျုပ် ဂီဇီမင်းသားနဲ့ ညစာမစားခဲ့ရသလို၊ ခင်ဗျားလည်း နာဗာဘုရင်နဲ့ ညစာမစားခဲ့ရဘူးလား၊ ဟုတ်လား။"

"အေးဗျ၊ မစားခဲ့ရဘူး၊ ဆာသဗျာ။ ခင်ဗျားကြက်ဥကြော် နည်းနည်းပေးစားပါလားဗျာ။"

"ခင်ဗျား ဟိုမှာတုန်းကတော့ 'မဆာဘူး' ဆိုပြီးတော့။"

"ဒါက ဟိုမှာတုန်းကကိုးဗျ၊ အခုဆာတာပေါ့။ ကံတူအကျိုး ပေးလူချင်းပဲဗျာ။"

"ကဲ- လာပါဗျာ။ ဒါဖြင့် ခင်ဗျားနဲ့ကျုပ် ညလည်း အတူနေကြရမှာပဲ။ ကဲ- စားကြစို့။"

လာမိုးနှင့် ကိုကွန်နတ်တို့လည်း ပြိုင်တူရယ်လိုက်ကြပြီး ကြက်ဥကြော်ကြီးကို ၂ ယောက်သား ထိုင်၍စားလိုက်ကြလေသတည်း။

■

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း ၆

လာမိုးသည် နာဗာဘုရင်နှင့်လည်းကောင်း, ကိုကွန်နတ်သည် ဂီဇီမင်းသားကြီးနှင့် လည်းကောင်း အဘယ်ကြောင့် အမဲပဟင်းလျာစုံလင်စွာဖြင့် လူဗရေတွင် ခမ်းနားစွာ ညစာမစားခဲ့ကြရဘဲ "အိတ္တိုင်း" ထမင်းဆိုင်ကလေးသို့ပြန်၍ ကြက်ဥကြော်တစ်ခုကိုသာ ၂ ယောက် မျှ၍စားနေကြရကြောင်းကို သိလိုကြပေလိမ့်မည်။

လူဗရေနန်းတော်၌ ခန်းမကြီးတစ်ခု၏အဝင်ဝတွင် လာမိုး မျက်ခြည်ပြတ်သွားသော နာဗာမိဖုရား "မာဂရက်"သည် လှေကားတစ်ခုသို့ဆင်းခဲ့၏။ ထိုလှေကားတွင်ကား မယ်တော်မိဖုရားကြီး၏ အဆောင်တော်ဘက်သို့သွားသော စင်္ကြံသို့ထွက်သည့် မလွယ်တံခါးတစ်ခု ရှိ၏။ ထိုအချိန်၌ ဂီဇီမင်းသားသည် ချာလီဘုရင်၏အခန်းထဲတွင် ရှိနေပေသည်။ ဘုရင်၏အခန်းမှထွက်လာသော တံခါးတစ်ခုသည်လည်း မယ်တော်ဆောင်သို့သွားသောစင်္ကြံသို့ ရောက်၏။

မယ်တော်မိဖုရားကြီး "ကက်သရိန်း"သည် သူ၏အဆောင်တော်တွင် တစ်ယောက်တည်း စားပွဲတစ်ခုအနီးတွင် မပွင့်တပွင့်ဖွင့်ထားသော ဘုရားရှိခိုးစာအုပ်တစ်အုပ်ပေါ်တွင် လက်တစ်ဖက်တင်ကာ အခြားလက်


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဖက်ပေါ်တွင် ခေါင်းမှီလျက်ထိုင်နေပေသည်။ မယ်တော်ကား သူ၏ ချစ်လင် 'ဒုတိယမြောက် ဟင်နရီဘုရင်' နတ်ရွာစံကတည်းက ဝတ်ဆင်လာခဲ့သော ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြစ်သည့် ခပ်မှိုင်းမှိုင်းအရောင် အဝတ်အစားများကို ဝတ်ဆင်ထား၏။ အခန်းဆောင်မှာလည်း ထို့အတူ လွမ်းဆွတ်လျက်ရှိသောမုဆိုးမတစ်ယောက်နှင့် လိုက်လျောအောင် ဆင်ပြင်ထားလေသည်။ မယ်တော်မှာ အသက် ၄၂ နှစ်-၄၃ နှစ်ခန့်ရှိပြီဖြစ်သော်လည်း ရုပ်ရေတင်လျက် လှတုန်းချောတုန်းပင် ဖြစ်၏။ ဖလောရင်းပြည်သား 'ရိုနီ' ဆက်သွင်းနေသည့် ရေမွှေး၊ ကော့စမတစ်အလှကုန်များ၏ တန်ခိုးပင်တည်း။

မယ်တော်ထိုင်နေသော စားပွဲအနီးတွင်ကား သမက်တော် 'နာဗာဘုရင်ဟင်နရီ'က လက်ဆောင်အဖြစ်ဆက်သသော 'ပီဗီ' အမည်ရှိ ခွေးသမင်ကလေး ရှိ၏။

မယ်တော်သည် တစ်စုံတစ်ခုကို လေးနက်စွာစဉ်းစားရင်းက ပြုံးလိုက်စဉ်တွင် ခန်းဆီးကြီးကိုမလျက် ဂီဇမင်းသား ရုတ်တရက်ဝင်လာကာ "အခြေအနေတော့ ဆိုးကြပြီ။"-ဟု မျက်နှာမသာမယာဖြင့် ပြောလိုက်လေသည်။

"ဘယ့်နှယ်- 'အခြေအနေဆိုးကြပြီလဲ ဟင်နရီ။ ဘာကို ဆိုလိုတာလဲ။"

"ဘုရင်မင်းမြတ်ဟာ ဟူဂျီနိုကောင်တွေနဲ့ တွဲသထက်တွဲလာတာကို ပြောတာပေါ့။ ကျွန်တော်တို့အလုပ်ကိုစဖို့ သူ့အမိန့်ကိုသာ စောင့်နေရရင် အချိန်သိပ်ကြာမယ်၊ ရချင်မှလည်း ရမယ်။"

မယ်တော်- ထုံးစံအတိုင်း ရာဇဣန္ဒြေမပျက် တည်ငြိမ်စွာ

"ဘယ်လိုများ ဖြစ်လာလို့လဲကွယ့်။ အခု ...။"

"ဘုရင်နဲ့ အခုပဲ တွေ့ခဲ့ပါတယ်။ ရေကြောင်းဗိုလ်ချုပ် သေနတ်


mgyoe.com

mgyoe.com SAMPLE BOOK

ထိမှန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး အယူသစ်သမားတွေကို အခုထိ အရေးတယူ အရောဝင်နေတာကို ဆွေးနွေးခဲ့ပါတယ်။''

''ဒီတော့- ငါ့သားတော်က ဘာပြောလိုက်သလဲ။''

''ဘာဘကြီးကိုလုပ်ကြံမှုနဲ့ပတ်သက်ပြီး ဂီဇီမင်းသားက စာနဲ့ ရေးပြီးခိုင်းတယ်လို့ လူတွေက သင်္ကာမကင်းဖြစ်နေကြတယ်တဲ့။ အဲဒါ မင်းကာကွယ်နိုင်တဲ့နည်းနဲ့ ကိုယ့်ဟာကိုယ် ကာကွယ်ပေတော့တဲ့။ ငါသာ ဒီလိုဆိုရင် ကိုယ့်ဟာကိုယ် အစွမ်းကုန်ကာကွယ်ရမှာပဲတဲ့။ ပြီးတော့ သူ့ခွေးတွေ အစာကျွေးဖို့ လှည့်သွားတယ်။''

''ဒီတော့ မင်းက တားမထားဘူးလား။''

''တားပါတယ်မယ်တော်။ ဒါပေမယ့် သူက ကျွန်တော့်ကို စိုက်ကြည့်ပြီး၊ 'မင်းသားရဲ့-ငါ့ခွေးတွေ ဆာလှပြီကွယ့်။ လူက စောင့်နိုင် တယ်၊ သူတို့က မစောင့်နိုင်ဘူး။'-လို့ ဆိုလိုက်တာနဲ့ ကျွန်တော်လည်း မယ်တော်ဆီ တောက်လျှောက်လာခဲ့တော့တာပဲ။''

''အေး အေး- ဒါ ကောင်းတာပဲ။''

''ဒါပေမယ့် အခု ဘာလုပ်ကြမလဲမယ်တော်။''

''အင်း- နောက်ဆုံးတစ်ခုတော့ ကြိုးစားရမှာပေါ့။''

''ဒီနောက်ဆုံးတစ်ခုကို ဘယ်သူကြိုးစားမလဲ။''

''ငါလုပ်ပါ့မယ်။ အခု ဘုရင်တစ်ယောက်တည်းလား။''

''မွန်ဆီယာတာဗန်း ရှိတယ်။''

''မင်း ဒီကစောင့်နေ။ အေးလေ- လိုက်ရင်လည်း ခပ်လှမ်းလှမ်း ကလိုက်ခဲ့ပါလား။''

မယ်တော်လည်း ပြောပြောဆိုဆို ထိုင်ရာကထခဲ့၍ ဘုရင့်အခန်း သို့လာခဲ့ကာ ခန်းဆီးကြီးကို မလိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဘုရင့်အခန်းတွင်း၌ကား ဘုရင့်အချစ်တော်ခွေးသမင်ကြီးများသည် ကတ္တီပါထိုင်ခုံကြီးများပေါ်တွင် အစွင့်သားအိပ်လျက် တန်းများတွင်ကား သိန်းငှက်များ နားနေပေသည်။ မယ်တော်သည် ဘုရင့်အဆောင်တော်သို့မရောက်မီ လမ်းတစ်ဝက်ကပင် မျက်နှာတစ်မျိုးပြင်ပြီးဖြစ်၍ မျက်ရည်စကလေးများဖြင့် ဘုရင့်အခန်းသို့ဝင်ခဲ့ကာ ငိုသံပါပါနှင့် "သားတော်။"-ဟု ခေါ်လိုက်ရာတွင်၊ ဘုရင်သည် လန့်၍ လှည့်ကြည့်မိအောင်ပင် အမူအရာကောင်းလှပေ၏။

"ဘာကိစ္စပါလဲ မယ်တော်။"

"မယ်တော် ရဲတိုက်တစ်ခုမှာ အေးအေးသွားနေပါရစေတော့လို့ ခွင့်တောင်းချင်လို့ပါပဲ သားတော်ရယ်။"

ဘုရင်က မယ်တော်အားစူးစိုက်ကြည့်လျက် "ဘာကြောင့်ပါလဲ မယ်တော်။"-ဟု မေးလိုက်၏။

"နေ့စဉ်နဲ့အမျှ အယူသစ်သမားတွေရဲ့ စော်ကားမော်ကားမှုတွေကိုကြားနေရတယ် သားတော်။ ဒီကနေ့ အယူသစ်သမားတွေက သားတော်ကို လူဗရေနန်းတော်ထဲမှာပဲ လုပ်ကြံမလိုလို ခြိမ်းခြောက်တဲ့သတင်းတွေကြားရလို့ မယ်တော် ဒါတွေကို မမြင်ချင်မတွေ့ချင်လို့ပါပဲ။"

"ဒါကတော့ ဟုတ်ပြီမယ်တော်။ သူတို့ရဲ့ ရေကြောင်းဗိုလ်ချုပ်ကြီးကို သတ်ဖို့ကြံစည်တာရယ်, သူရဲကောင်းကြီးမွိုင်ကို သတ်လိုက်ကြတာရယ်။ တိုင်းပြည်မှာ 'တရား' ဆိုတာတော့ ရှိရမှာပဲ မယ်တော်ရဲ့။"

"ဒါအတွက် စိတ်ရှင်းရှင်းထားစမ်းပါ သားရယ်။ သူတို့အဖို့ 'တရား' မလိုပါဘူး။ သားတော်ကငြင်းလိုက်ရင်လည်း သူတို့တရားနဲ့ သူတို့ စီရင်ကြမှာပါပဲ။ ဒီနေ့ ဂီဇီမင်းသားကို စီရင်၊ နက်ဖြန် မယ်တော်ကို စီရင်၊ နောက်- သားတော်ကို စီရင်။"


mgyoe.com

mgyoe.com SAMPLE BOOK

ဘုရင်သည်လည်း တင်းမာနေရာက သံသယတစ်ချက်ဖြစ်မိသောလေသံဖြင့်–"အို– မယ်တော်။ ဒီလိုပဲထင်ပါသလား။"

"သြော်– သားတော်နှယ် အစုဖြစ်နေတဲ့ကိစ္စက ရေကြောင်းမိုလ်ချုပ်ကြီးလုပ်ကြံခံရတာတို့၊ ဂီဇီမင်းသားကြီး အသတ်ခံရတာတို့လောက်တင် မဟုတ်တော့ဘူး၊ ဘုရင်ဂျိုနဲ့ အယူသစ် ရင်ဆိုင်နေကြရတာလည်း မဟုတ်တော့ဘူးဆိုတာ သားတော် မသိရှာသလား။ ရှင်းရှင်းပြောရရင် ဗူဗွန်းဆက်–အန်တွိုင်ရဲ့သားကို ဒုတိယမြောက်ဟင်နရီဘုရင့်သားရဲ့နေရာမှာ လူစားထိုးဖို့အထိ ...။"

"အို အို– မယ်တော်ကဖြင့် လာပြန်ပြီ။ ဒီလို ဆိတ်ကို ဆင်ဖြစ်အောင်လုပ်တဲ့ စကားတွေချည်းပဲ။"

"ကဲလေ– ဒါဖြင့် သားတော် ဘယ်လိုစိတ်ကူးထားသလဲ။"

"စောင့်ကြည့်မယ်လေ မယ်တော်ရဲ့။ စောင့်ကြည့်ဖို့ပေါ့။ 'စောင့်နိုင်ရင်အကျိုးရှိ' ဆိုတာလိုပေါ့။ ဘယ်လိုစောင့်ရမယ်ဆိုတာ သိတဲ့လူဟာ အင်အားအကောင်းဆုံးပေါ့။"

"ဒါဖြင့် သားတော် စောင့်လေ။ မယ်တော်တော့ မစောင့်နိုင်ဘူး၊ ဒါပဲ။"

ဤသို့ပြောရင်း မယ်တော်ကက်သရိန်းလည်း ဦးညွှတ်၍ တံခါးဆီသို့ လှည့်ထွက်သွားသဖြင့် ဘုရင်က တားထားလိုက်ပြီး၊ "ကဲလေ– ဒါဖြင့်ရင် ဘယ်လိုလုပ်ဖို့ အသင့်တော်ဆုံးလဲဆိုတာ ပြောပါဦးမယ်တော်။ သားတော်ဟာ တရားမျှတမှုကို လိုလားပါတယ်။ ဘယ်သူမဆို သားတော်ကို ကျေနပ်စေချင်ပါတယ်။"–ဟု ပြောလိုက်၏။

မယ်တော်လည်း ဘုရင့်ထံလှည့်လာကာ သိန်းငှက်များကို ဂရုစိုက်နေသော 'တာဗန်း'အား ငှမ်း၍၊ "ကဲ– တာဗန်းရယ်–လာစမ်းပါဦး။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာလုပ်ရမယ်ဆိုတာ မင်းသဘောရသလို ဘုရင်မင်းမြတ်ကို သံတော်ဦးတင်လိုက်စမ်းပါ။''

''ဘုရင်မင်းမြတ်က ခွင့်ပြုတော်မူမှာလား။''

''ပြောပါလေ တာဗန်း၊ ပြောပါ။''

တာဗန်း- ''ဘုရင်မင်းမြတ် တောကစား ထွက်တော်မူတဲ့အခါများမှာ ဒဏ်ရာရနေတဲ့ဝက်က ပြန်ပြီးရန်မူရင် ဘယ်လိုများပြုတော်မူမလဲ ကိုယ်တော်။''

ဘုရင်- ''အလို- အင်း- ချက်ကောင်းကို ဓားနဲ့ထိုးဖို့ မြဲမြဲရပ်ပြီး စောင့်နေမှာပေါ့ကွ။''

မယ်တော်- ''ကိုယ့်ကို အန္တရာယ်မပြုနိုင်ရုံ ကာကွယ်မယ်ဆိုပါတော့လေ။ အင်း ...''

ဘုရင်- ''ပြီးတော့-ကိုယ့်အစွမ်းလည်း ပြရတာပေါ့။ ဒါပေမယ့်လို့ ကိုယ့်တိုင်းသူပြည်သားတွေကို သတ်ပြီးတော့ဖြင့် အစွမ်းမပြချင်ပါဘူး။ ဟူဂျီနိုတွေရော ဘရင်ဂျီတွေရော ကိုယ့်တိုင်းသူပြည်သားချည်းပါပဲ။''

မယ်တော်- ''ဒါဖြင့် သားတော်ရဲ့ တိုင်းသူပြည်သားဖြစ်တဲ့ ဟူဂျီနိုတွေဟာ သားတော်ရဲ့ ဓားချက်ကို လွတ်အောင်ရှောင်နိုင်တဲ့ ဝက်နှာလိုပြုလိမ့်မယ်၊ နန်းတော်ကိုပါ လုလိမ့်မယ်။''

ဘုရင်သည် မယ်တော်၏စကားကို အယုံအကြည်မရှိဟန်ဖြင့်

''ဘာလဲ။ မယ်တော်က ဒီလိုပဲထင်သလား။''

''အို- ဒီနေ့ မွိုင်နဲ့ သူ့လူတွေကို မမြင်ဘူးလား။''

''မြင်တယ်လေ။ အခုပဲ ဒီကထွက်သွားကြတာပဲ။ တရားမျှတမှုကိုပါ လာပြီးတောင်းကြတာပဲ။ သူ့အဖေကိုသတ်တဲ့တရားခံနဲ့ ရေကြောင်းဗိုလ်ချုပ်ကို လုပ်ကြံတဲ့လူကို လာတောင်းကြတာပဲ။ ခမည်းတော်


mgyoe.com

mgyoe.com SAMPLE BOOK

ကိုလုပ်ကြံတဲ့ မောင့်ဂိုမာရီကိုလည်း မတော်တဆဖြစ်ရတဲ့ကိစ္စပေမယ့် တရားအတိုင်းစီရင်ခဲ့တယ် မဟုတ်လား။''

''ကောင်းပါပြီလေ။ ဒီစကား ဒီတွင် ရပ်ကြပါစို့။ ဘုရင်မင်း မြတ်ဟာ ဘုရားသခင်ရဲ့အကာအကွယ်နဲ့ ဘုရားသခင်ပေးတဲ့အင်အား တွေ၊ ဉာဏ်ပညာတွေ ရှိနေတာကိုး။ မယ်တော်မှာတော့ ပြုခဲ့တဲ့အပြစ် တွေကြောင့်လားတော့ မသိဘူး။ ဘုရားသခင်ကလည်း လျစ်လျူရှု၊ ဘယ်သူကမှလည်း ကာကွယ်မပေးတော့ စိုးရိမ်နေရတာပေါ့။''

ဤသို့ပြောရင်း မယ်တော်ကက်သရိန်းလည်း ဦးညွှတ်၍ အခန်း အပြင်သို့အထွက်တွင် ဂီဇီမင်းသားဝင်လာကာ မယ်တော်၏နေရာတွင် ရပ်လိုက်၏။

ဘုရင်လည်း မယ်တော်အား မျက်စိတဆုံး ကြည့်နေလိုက်ပြီး သူ့ခွေးများထံသွား၍ လေချွန်ရင်း လက်နှင့်သပ်ပေးနေ၏။ ထိုနောက်- ခေတ္တရပ်လိုက်ပြီး သူ့ကိုယ်သူပြောသလိုနှင့် ''မယ်တော်ဟာ မဟာသွေး အစစ်ပါပဲ။ ဘာမှနှောင့်နှေးနေမှာ မဟုတ်ဘူး။ အခုဆိုလည်း တရားမျှတမှု အခွင့်အရေးလာတောင်းလို့ ဟူဂျီနိုတွေကို ဒါဇင်လိုက်သတ်ပစ်ဖို့ လေအေး ကလေးနဲ့ လာပြောသွားတာ။ တရားမျှတမှုဆိုတာလည်း သူတို့အခွင့် အရေး မဟုတ်တော့ပါပဲလား။''-ဟု ညည်းညူလိုက်လေသည်။

ထိုအခိုက် ဂီဇီမင်းသားက ''ဒါဇင်လိုက်''-ဟု သံယောင်ပြု၍ လိုက်ဆိုလိုက်သဖြင့်၊ ဘုရင်က ဂီဇီမင်းသားအား ယခုမှမြင်မိသလို

''ဩော်- မင်းသားပါလား။ ဟုတ်တယ်၊ ဒါဇင်လိုက်။ အသက် တွေအတော်များများ အလကားသေရမယ်လေ။ သူတို့တစ်တွေကို တစ် ယောက်မကျန် အကုန်သတ်ပစ်ပြီးလို့ ဒီရန်စအေးသွားမယ်ဆိုရင်တော့ ဘာမှမပြောလိုဘူး။''-ဟု ပြောလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မှန်လှပါ။ ဘုရင်မင်းမြတ်ရဲ့ ရန်သူတွေရှိသမျှ နက်ဖြန် အကုန် ရှင်းလင်းသွားပါလိမ့်မယ်လို့ ပြောတဲ့လူရှိရင်ရော ကိုယ်တော်။"

"အင်း- ဘယ်လိုအာဇာနည်ပုဂ္ဂိုလ်ရဲ့ တန်ခိုးနဲ့များ တတ်နိုင်မှာတဲ့လဲ။"

"မှန်လှပါ။ ဒီကနေ့ ဩဂုတ်လ ၂၄ ရက်နေ့ 'အာဇာနည်ဗာသိုလိုမြူ'နေ့ ဖြစ်ပါတယ်။ အာဇာနည်ဗာသိုလိုမြူရဲ့တန်ခိုးနဲ့ တတ်နိုင်ပါတယ် ကိုယ်တော်။"

"သြော်- အရှင်လတ်လတ် အရေဆုတ်ပြီးအသတ်ခံရတဲ့ အာဇာနည်ကြီးလား။ အင်း-အင်း- ပြီးတော့ နက်ဖြန် ဟူဂျီနိုထောင်,သောင်းကို ရွှေဓားနဲ့ကွပ်မှာက ညီတော်လား။ ဟုတ်လိုက်လေကွယ်၊ ဂီဇီမင်းသားဟာ တယ့်ရယ်စရာကောင်းတာပဲ။"

ဤသို့ပြောရင်း ဘုရင်လည်း ကျယ်လောင်စွာရယ်လိုက်လေရာ အခန်းတစ်ခုလုံး လိုဏ်သံဖြင့်ဟိန်းသွားတော့၏။

ဂီဇီမင်းသားလည်း ရယ်သံကြောင့် တုန်သွားရာမှ "ဘုရင်မင်းမြတ်မှာ ကိုယ်ရံတော်တွေ, ရဲမက်တော်တွေ, ဘရင်ဂျီမှူးမတ်တွေ အကာအကွယ်ရှိပါတယ်။ ကျွန်တော့်မှာ ဆွစ်ဇာလန်မှူးမတ်, စစ်တပ် ၁ တပ်ရှိပါတယ်။ အမိန့်သာပေးပါ။ သူတို့ထက် အဆ ၂၀ လောက် အင်အားရှိပါတယ်။"-ဟု ကြိုးစား၍ပြောလိုက်၏။

"သြော်- ဒီလိုဖြင့် ညီတော်ရယ်။ ညီတော့်မှာ အင်အားသိပ်ကောင်းနေမယ်။ မင်း ကျုပ်ကိုလာပြီး ဘာကြောင့်နားပူနေရတာလဲ၊ လုပ်ပါလားကိုယ့်ဟာကိုယ်။"

ထိုအခိုက် ကန့်လန့်ကာကြီးကိုမလျက် မယ်တော်ကက်သရိန်းက "ဟုတ်ပြီပေါ့။ ပြော ပြော၊ ဆက်သာပြော။ သူ လျှော့ပေးမှာပဲ။"-ဟု အားပေးပြီး ပြန်ထွက်သွားသည်ကို ဘုရင် မမြင်လိုက်ချေ။


mgyoe.com